
# ဘုရားသခင်၏ နာမတော်၌

## ခရစ်ယာန်နိုင်ငံရေးရဲ့ ပျက်ကွက်ခြင်း




Danutasn Brown

# ဘုရားသခင်၏ နာမတော်၌

## ခရစ်ယာန်နိုင်ငံရေးရဲ့ ပျက်ကွက်ခြင်း

Danutasn Brown

ထပ်မံလေ့လာရန်

https://maranathamedia-myanmar.com/

ပုံနှိပ်ထုတ်ဝေခြင်း

Maranathamedia.com

Australia

စက်တင်ဘာလ ၁၁၊ ၂၀၁၈

## မာတိကာ


၁။ ခရစ်ယာန်နိုင်ငံရေးနှင့် ယေရှု၏ ခရစ်ယာန်ဘာသာရေး

၂။ အမေရိကရှိ အသင်းတော်နှင့် နိုင်ငံတော်အစိုးရတို့၏ ရင်းနှီးဆက်ဆံရေး

၃။ ဘာသာရေးအတွင်းက နိုင်ငံရေးမှာ အသစ်အဆန်းမဟုတ်

၄။ သာသနာပြုသူများနှင့် အင်ပါယာများ

၅။ ကွန်စတန်းတင်းနှင့် ထရမ့်

၆။ နာဇီဂျာမဏီလက်ထက်က အသင်းတော်နှင့် နိုင်ငံတော်အစိုးရတို့၏ ဆက်ဆံရေး

၇။ အကြမ်းဖက်သမားက ဘုရားသခင်လား၊ လူသားများလား

## ခရစ်ယာန်နိုင်ငံရေးနှင့် ယေရှု၏ ခရစ်ယာန်ဘာသာရေး

ကြာသပတေးနေ့ သတင်းမှာ ဒေါ်နယ်ထရမ့်က သူ့ရဲ့ အကြိုက်နှစ်သက်ဆုံးကျမ်းပိုဒ်ဟာ 'မျက်စိအတွက် မျက်စိ' ဆိုတဲ့ ကျမ်းပိုဒ်ဖြစ်ကြောင်း ပြောကြားခဲ့တယ်။

WHAM 1180 AM ရေဒီယိုအစီအစဉ် တင်ဆက်သူ Bob Lonsberry က ရီပဗ္ဗလီကန်ပါတီရဲ့ ရေပန်းအစားဆုံး ရွေးကောက်ပွဲယှဉ်ပြိုင်သူ ထရမ့်ကို သူ့အသက်တာနှင့် အတွေးအခေါ်ကို လွှမ်းမိုးသက်ရောက်တဲ့ ကျမ်းချက် (ဒါမှမဟုတ်) ကျမ်းစာပုံပြင်ရှိသလားလို့ မေးမြန်းခဲ့တယ်။

ထရမ့်က "ဟုတ်ကဲ့၊ အများကြီးရှိပါတယ်။ သမ္မာကျမ်းစာအကြောင်း ပြောရရင်တော့ ကျွန်တော်ကြိုက်တာ အများကြီးရှိပါတယ်။ 'မျက်စိအတွက် မျက်စိ'တို့ ဘာတို့ ပြောလို့ရတာပေါ့။ အရမ်းကောင်းတဲ့ အရာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် ကြည့်ကြည့်လိုက်။ ကျွန်တော်တို့နိုင်ငံမှာ ဘာတွေဖြစ်ပျက်နေလဲဆိုတာ ကြည့်လိုက်။ လူတွေက ကျွန်တော်တို့အပေါ် ဘယ်လိုအမြတ်ကြီးစား ခေါင်းပုံဖြတ်နေကြသလဲ။ သူတို့က ကျွန်တော်တို့ကို ဘယ်လိုလှောင်ပြောင်ကဲ့ရဲ့ကြသလဲ" ဆိုပြီး ဖြေဆိုခဲ့တယ်။

[https://www.politico.com/blogs/2016-gop-primary-live-updates-and-results/2016/04/trump-favorite-bible-verse-221954](https://www.politico.com/blogs/2016-gop-primary-live-updates-and-results/2016/04/trump-favorite-bible-verse-221954)

> "သူ့မျက်စိကို ဖျက်လျှင် ကိုယ့်မျက်စိဖျက်ခြင်းကို ခံစေ။ သူ့သွားကို ချိုးလျှင် ကိုယ့်သွားချိုးခြင်းကို ခံစေ" ဟူသော ပညတ်စကားကို သင်တို့ ကြားရပြီ။ ငါ ပညတ်သည်ကား၊ နှောင့်ယှက်သောသူကို မဆီးတားနှင့်။ သင်၏ ပါးတစ်ဖက်ကို သူတစ်ပါးပုတ်လျှင် ပါးတစ်ဖက်ကို လှည့်၍ ပေးအုံးလော့။ သင့်အင်္ကျီကို ယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှာ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကို အနိုင်ပြု၍ ခရီးတစ်တိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင် သွားဦးလော့။ တောင်းသောသူအား ပေးလော့။ ချေးငှားလိုသော သူကိုလည်း မငြင်းပယ်နှင့်။ "ကိုယ်နှင့် စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကို မုန်းလော့" ဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ သင်တို့

သည့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဖ၏ သားဖြစ်လိုသော ငှာ သင်တို့၏ရန်သူကို ချစ်လော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ယှက်ညှင်းဆဲသော သူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏ နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကို ရွာစေတော်မူ၏" (ရှင်မဿဲ ၅: ၃၈-၄၅)။

အမေရိကန်နိုင်ငံရေးရာ စကားဝိုင်းမှာ အရေးပါတဲ့ မေးခွန်းတစ်ခု၊ အမေရိကန်ကို အပြင်ဘက်ကနေ လေ့လာသုံးသပ်သူတွေကို ခေါင်းချောက်စေတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ အဲဒါက ခရစ်ယာန်ဘာသာဝင် အမေရိကန်နိုင်ငံသားတွေက ဘာကြောင့် ဒေါနယ်ထရမ့်ကို ထောက်ခံအားပေးကြသလဲဆိုတဲ့ မေးခွန်းဖြစ်တယ်။ ယေရှုရဲ့ ပုံသက်သေကောင်း လုံးဝ မဟုတ်တဲ့သူကို ဘာကြောင့် သူတို့ ထောက်ခံအားပေးခဲ့ကြသလဲ။ ခရစ်ယာန်ဘာသာရဲ့ ယုံကြည်ချက်တွေနဲ့ လွှမ်းမိုးခြင်းခံရတဲ့ အမေရိကန်ပြည်ထောင်စုက တခြားနိုင်ငံတွေနဲ့ ပတ်သက်ပြီး ဘာကြောင့် ပြင်းထန်တဲ့ စစ်ဝါဒကို ထောက်ခံလုပ်ဆောင်နေကြတာလဲ။ ဩဇာအာဏာ ကြီးမားတဲ့ ထိပ်တန်းနိုင်ငံတစ်နိုင်ငံမှာ စစ်ဝါဒက ဘာအတွက် လိုအပ်သလဲ။ ကမ္ဘာ့နံပါတ်တစ် နိုင်ငံတစ်နိုင်ငံဖြစ်ဖို့အတွက် အမေရိကန်က ဘာကြောင့် ဒီလောက် အသည်းအသန်ဖြစ်ရသလဲ။

ခရစ်ယာန်အသိုင်းအဝန်းမှာ အသိအမြင်ပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုကြီးတစ်ခု ရှိပြီး ၎င်းက ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနဲ့အတူ ကြီးမားကျယ်ပြန့်လာနေတယ်။ အဲဒါက သခင်ယေရှုပြောတဲ့ "သင်၏ ရန်သူကို ချစ်ပါ" ဆိုတဲ့ ငြိမ်းချမ်းရေးဆိုင်ရာ သွန်သင်ချက်နှင့် ဓမ္မဟောင်းကျမ်းထဲက အမျက်ဒေါသကြီးတဲ့ ဘုရားသခင်ရဲ့ လက်စားချေတုံ့ပြန်ချက်တို့ အကြား ဝိရောဓိဖြစ်နေခြင်းဖြစ်တယ်။ တစ်ဦးချင်းအဆင့်မှာ ခရစ်ယာန်တွေက သဘောထား ကောင်းလေ့ရှိကြပါတယ်။ သခင်ယေရှုရဲ့ သွန်သင်ချက်နှင့် အသက်တာပုံစံကို လိုက် လျှောက်နေထိုင်ကြတယ်။ ဒါပေမယ့် အများနဲ့ဆိုင်တဲ့ နိုင်ငံ့အဆင့်မှာတော့ နိုင်ငံခြား

သားတွေ၊ ဘာသာခြားတွေအပေါ်မှာ ဓမ္မဟောင်းကျမ်းထဲက ဘုရားသခင်ရဲ့ သဘော ထားလိုမျိုး သည်းမခံတတ်တဲ့ သဘောထားမျိုး ရှိလာကြပြန်ပါတယ်။ သခင်ယေရှုရဲ့ သွန်သင်ချက်တွေဟာ ကျွန်ုပ်တို့ရဲ့ နေ့စဉ်အသက်တာမှာ ထိတွေ့ဆက်ဆံရတဲ့ လူတွေ အပေါ်မှာပဲ ကျင့်သုံးရမယ့် သဘောနဲ့ တူလာပါတယ်။ ဘုရားသခင်ရဲ့ အမျက်ဒေါသဟာ သူ့ကို မသိတဲ့ တိုင်းနိုင်ငံတွေ၊ ဘာသာခြား ကိုးကွယ် ယုံကြည်တဲ့ သူတွေအတွက် တမင်ရည်ရွယ်ထားတဲ့ အရာလိုမျိုး သဘောဆောင်လာပါတယ်။ ဓမ္မဟောင်းကျမ်းထဲက ဘုရားသခင်ဟာ သူ့ရဲ့ ရန်သူတွေကို သတ်ဖြတ်ချေမှုန်းရုံမက လူမျိုးတုံးသတ်ဖြတ်တဲ့ဘုရား မဟုတ်ဘူးလား။ ကမ္ဘာ့ပေါ်မှာ အကျော်ကြားဆုံး ဘာသာမဲ့ဝါဒီတစ်ဦးဖြစ်သူ ရီချာတ်ဒေါ့ကင် ကတော့ ဒီလိုမျိုး မြင်ခဲ့တယ်။

"ဓမ္မဟောင်းကျမ်းထဲက ဘုရားသခင်ဟာ စိတ်ကူးယဉ်စာအုပ် အားလုံးထဲမှာ မနှစ်မြို့ပ်ဖွယ်ရာ အကောင်းဆုံး ဇာတ်ကောင်ဖြစ်တယ်လို့ ဆိုနိုင်တယ်။ သူက မနာလို ဝန်တိုတတ်တယ်။ ဘဝင်မြင့်တယ်။ သဘောထားသေးသိမ်တယ်။ တရားမျှတမှု မရှိဘူး။ လွယ်လွယ်နဲ့ ခွင့်မလွှတ်တတ်တဲ့သူ၊ လူတွေကို ထိန်းချုပ်ချင်တဲ့သူလည်းဖြစ်တယ်။ ပြီးတော့ သူဟာ လက်စားချေလိုတဲ့ သူ၊ သွေးဆာပြီး လူမျိုးငယ်တွေကို အပြတ် ရှင်းလင်းတတ်တဲ့ သူ၊ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတဲ့ သူ၊ လူတွေကို မုန်းတီးတဲ့ သူ၊ လူမျိုးရေး ခွဲခြားသူ၊ ကလေးငယ်တွေကို သတ်ဖြတ်ကျူးလွန်သူ၊ လူမျိုးတုံး သတ်ဖြတ်သူ၊ သွေးသားအရင်းကို သတ်သူ၊ ကူးစက်ရောဂါကို ဖြစ်ပေါ်စေသူ၊ စိတ်ကြီးဝင်ရောဂါရှိသူ၊ သူတပါးကို နှိပ်စက်ပြီး၊ ဒါမှမဟုတ် နှိပ်စက်ခံခိုင်းပြီး ကျေနပ်သာယာသူ၊ အကြောင်းရင်းမရှိဘဲ ရုတ်တရက် ထဖောက်ပြီး သူတပါးကို မကောင်းကြံကာ အနိုင်ကျင့်တတ်သူဖြစ်တယ်။"

စာဖတ်သူဟာ ခရစ်ယာန်တစ်ယောက်မဟုတ်တဲ့အတွက် အပေါ်ကအချက်တွေကို လက်ခံ တာပဲဖြစ်ဖြစ်၊ ခရစ်ယာန်တစ်ယောက်ဖြစ်တဲ့အတွက် ဒီစာအုပ်ကို မကြိုက်လို့ လွှင့်ပစ် ချင်တာပဲဖြစ်ဖြစ်၊ ဘာမှမလုပ်သေးဘဲ သည်းခံပြီး ဆက်ဖတ်စေချင်ပါတယ်။ ဓမ္မဟောင်း ကျမ်းထဲရှိ အဖြစ်အပျက်တွေကို နားလည်နိုင်ဖို့ တခြားနည်းလမ်းတစ်ခု ရှိနေသေးတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ သခင်ယေရှုက ကျွန်ုပ်တို့အတွက် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရာမှာ အသုံးပြုရမယ့် မျက်မှန်ကို ပေးထားပါတယ်။ ဒါပေမယ့် ကျွန်ုပ်တို့အနေနဲ့

သမ္မာကျမ်းစာကို လေ့လာဖတ်ရှုတဲ့အခါမှာ နိမ့်ချခြင်း၊ စိတ်ရှည်ခြင်း၊ စာနာသနားခြင်း စတဲ့ စိတ်သဘောထားတွေကို ထားရှိဖို့ လိုအပ်ပါတယ်။ ကျွန်ုပ်တို့ကို အချိန်မရွေး သတ်ဖြတ်နိုင်ဖို့ အသင့်ရှိနေတဲ့သူလို့ ကျွန်ုပ်တို့ ထင်မှားနေကြတဲ့ အထက်ကောင်းကင်ဘုံက တန်ခိုးရှင်ရဲ့ စိတ်ဒုက္ခ၊ စိတ်ဒဏ်ရာတွေအကြောင်းကိုသာ နားလည် သဘောပေါက်ကြမယ်ဆိုရင် ကျွန်ုပ်တို့အတွက် ကောင်းချီးမင်္ဂလာဖြစ်လာနိုင်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်က ယေရှုဟာ ကောင်းကင်ဘုံကို တက်ကြွပြီး ဖူးမြော်ခဲ့တဲ့ ဘုရားသခင်ဟာ အဲလိုရက်စက်တဲ့ ဘုရားဖြစ်နိုင်ပါသလား ဆိုတာပါပဲ။ ရီချာတ်ဒေါ့ကင် သိတဲ့ ဘုရားသခင်ဟာ လူသားတွေရဲ့ စိတ်ကူးထဲမှာ ပုံဖော်ဖန်တီးထားတဲ့ ဘုရားသာဖြစ်တယ်။ ဘုရားသခင်ရဲ့ စစ်မှန်တဲ့ ဂုဏ်အင်လက္ခဏာမဟုတ်ပါဘူး။ ဒီစာအုပ်ကလေးကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ စစ်မှန်တဲ့ သဘောသဘာဝနှင့် ဘုရားသခင်ရဲ့ စစ်မှန်တဲ့ သဘောသဘာဝတို့ကို သိမြင်နားလည်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်ုပ်တို့ လူသားတွေဟာ ချွတ်ယွင်းမှုတွေနဲ့ ပြည့်နက်တယ်။ မေ့လျော့တတ်တယ်။ ကြောက်လန့်တတ်တယ်။ ဘုရားသခင်ကတော့ သနားခြင်းကရုဏာတော်နဲ့ ပြည့်စုံတယ်။ စာနာထောက်ထားတတ်တယ်။ လူသားအားလုံးကို ချစ်ခင်တယ်။ အဲတော့ မိတ်ဆွေအနေနဲ့ ဒီစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ လူသားတွေရဲ့ လူ့စရိုက်၊ လူ့ဇာတိနှင့် လူ့ပန်းတိုင် အစရှိတဲ့ လူသားတွေရဲ့ အခြေအနေကို ပိုမိုနားလည်လာပြီး ကျွန်ုပ်တို့ရဲ့ ဖန်ဆင်းရှင်နဲ့ ပြန်လည်သင့်မြတ်နိုင်ဖို့ ကျွန်တော် မျှော်လင့်တောင့်တမိပါတယ်။

ကျွန်တော်ဟာ ထိုင်းနိုင်ငံမှာ ကြီးပြင်းတဲ့ ထိုင်း-အမေရိကန်တစ်ယောက်ဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုက တခြားနိုင်ငံတွေအပေါ် ဩဇာသက်ရောက်နိုင်ဖို့ အတင်းသိမ်းသွင်းတဲ့ အာဏာရှင်ဆန်ဆန် လုပ်ရပ်တွေကြောင့် ကျွန်တော်ဟာ ဒေါသလည်းထွက်၊ ရှက်လည်း ရှက်ခဲ့ရပါတယ်။ အမေရိကန်နိုင်ငံသားမဟုတ်တဲ့ သူတွေက ပြောဆိုတတ်ကြသလို အမေရိကန်ရဲ့ "မိမိသည်သာ အမှန်တရား၏ အထွတ်အထိပ်" ဆန်တဲ့ အပြုအမူ၊ အပြောအဆိုကို ကျွန်တော် ကောင်းကောင်းသဘောပေါက်ခဲ့တယ်။ အမေရိကန်ပြည်ထောင်စုကို ကိုယ်ကျိုးရှာသူ၊ ငွေကိုသာ မက်မောသူ၊ တန်ခိုးအာဏာနှင့် သဘာဝအရင်းအမြစ်တွေကို မက်မောသူအဖြစ် ကျွန်တော် မြင်ယောင်လာခဲ့တယ်။ တခြားနိုင်ငံတွေရဲ့ အရေးတွေမှာ ဝင်ရောက်စွက်ဖက်တာကိုလည်း ကျွန်တော် သဘောမတွေ့ခဲ့ပါဘူး။ နိုင်ငံရေးသမား

တွေရဲ့ ရန်လိုမှုတွေ၊ စစ်ပွဲအတွက် တရားဝင် ထုတ်ပြန်ကြေညာချက်တွေ၊ အကြောက်တရားတွေ ပျံ့နှံ့စေဖို့အတွက် သူတို့အသုံးပြုတဲ့ နည်းပရိယာယ်တွေကြောင့် ကျွန်တော်ဟာ ထိတ်လန့်တုန်လှုပ်မိခဲ့တယ်။ ယူအက်စ်နိုင်ငံဟာ ဆင်းရဲမွဲတေမှု၊ ပြည်တွင်းအကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးပြန့်ပွားမှု၊ အကြွေးနဲ့ လုံးပန်းပြည့်ကျပ်နေတဲ့ ကျောင်းသားဦးရေနှင့် အကျဉ်းသားဦးရေ များပြားမှု အစရှိတဲ့ ဖြေရှင်းဖို့ လိုအပ်တဲ့ ပြဿနာ ကြီးကြီးမားမားတွေ ရှိနေရက်နဲ့ အခွန်ငွေအများစုကို စစ်တပ်အသုံးစရိတ်အတွက် အသုံးပြုကြောင်းကို ကျွန်တော် သိရှိရတဲ့အခါမှာ အံ့ဩတုန်လှုပ်မိခဲ့ပါတယ်။ အဲ့ဒီအပြင် ယူအက်စ်က ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း (၁၅၀) နိုင်ငံမှာ တာဝန်ကျစစ်သားတွေကို ထားရှိပါသေးတယ်။ တခြားနိုင်ငံတွေ အပေါ်မှာ ကြီးစိုးခြယ်လှယ်နိုင်ဖို့ ဘာကြောင့် အဲ့လောက်အထိ ကြိုးပမ်းလုပ်ဆောင် နေတာလဲ။
(http://edition.cnn.com/interactive/2012/04/us/table.military.troops/)

ကျွန်တော်ဟာ ဘာသာမဲ့ဖခင်နှင့် ဗုဒ္ဓဘာသာဝင်မိခင်တို့ရဲ့ လောကီအိမ်ထောင်ကနေ မွေးဖွားကြီးပြင်းလာတဲ့ သူတစ်ယောက်အနေနဲ့ အမေရိကမှာ စစ်ပွဲထောက်ခံတဲ့ ခရစ်ယာန် လက်ယာယိမ်းပါတီဝင်နှင့် ရီပဗ္ဗလီကန်ပါတီဝင်တို့ကို တော်တော် စိတ်ပျက်ခဲ့တယ်။ စက်ဆုပ်ရွံရှာခဲ့တယ်။ (အဲဒီပါတီနှစ်ခုစလုံးကို စစ်မက်ပါတီတွေအဖြစ် ကျွန်တော် သတ်မှတ်ခဲ့တယ်။ ရီပဗ္ဗလီကန်ပါတီဆိုရင် စစ်ဘက်မှာ ပိုပြီးရဲတင်းတဲ့ ပါတီဖြစ်တယ်။) ကျွန်တော် မြင်တွေ့ခဲ့ရတဲ့အရာတွေကြောင့် ခရစ်ယာန်ဘာသာကို စစ်ပွဲနှင့် အကြမ်းဖက် မှုတို့ကို ခံမင်တဲ့ အကြမ်းဖက်ဘာသာရေးအဖြစ် ကျွန်တော် မှတ်ယူခဲ့တယ်။ ဒါဟာ ကျွန်တော် တစ်ယောက်တည်းမဟုတ်ဘဲ ထိုင်းလူမျိုးတွေ၊ ဘာသာမဲ့ ဥရောပသားတွေ၊ ဂျပန်လူမျိုးတွေနှင့် အိန္ဒိယလူမျိုးတွေကလည်း ကျွန်တော့်လိုပဲ မှတ်ယူခဲ့ကြတယ်။ နှစ်အတော်ကြာနောက်ပိုင်းမှာ ကျွန်တော် ဝယ်လ်တက္ကသိုလ်မှာ မဟာအတန်းကို တက်ရောက်ချိန်မှာ နိုင်ဂျီးရီးယားနိုင်ငံသူတစ်ဦးနဲ့ တွေ့ဆုံ စကားပြောဆိုပြီးနောက်မှသာ ခရစ်ယာန်ဘာသာကို ကျွန်တော် ပြန်လည် ဆင်ခြင်စပြုလာခဲ့တယ်။

ဒါပေမဲ့ သမ္မတဂျော့ဂျ်ဘွတ်ရှ်က အီရန်နိုင်ငံမှာ ပျက်သုဉ်းစေတတ်တဲ့ လက်နက်ကြီးရှိ ကြောင်းကို လိမ်လည်ပြောဆိုတဲ့ ကိစ္စကြောင့် ကျွန်တော် တော်တော် ဒေါသထွက်ခဲ့တယ်။ သူဟာ ခရစ်ယာန်တစ်ယောက်ဖြစ်တဲ့အတွက် ကျွန်တော်က ခရစ်ယာန်ဘာသာကို

အကြမ်းဖက်မှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ အလွန်အမင်း ထိန်းချုပ်လိုမှုတို့နဲ့ တွဲမြင်ပြီး ဘုရားသခင်ကိုလည်း သူတို့ကို အားပေးအားမြှောက်လုပ်ပြီး ခွင့်ပြုတဲ့ဘုရားအဖြစ် တွဲမြင်မိပါတော့တယ်။ ဒီလိုနဲ့ ကျွန်တော့်အမြင်မှာတော့ ဘုရားသခင်ဟာ သူ့အလို မလိုက်တဲ့သူတွေအားလုံးကို ထာဝရမီးအိုင်ထဲကို ပို့ပြီး မီးရှို့ဖျက်ဆီးတဲ့ အာဏာရှင်ဘုရားဖြစ်နေခဲ့ပါတယ်။ သူတပါးအပေါ် သည်းခံခြင်းမရှိ၊ မတူ ကွဲပြားတဲ့ အတွေးအမြင်ရှိတဲ့သူတွေအပေါ် စာနာနားလည်ပေးခြင်းမရှိတဲ့ ဘုရား ဖြစ်နေခဲ့တယ်။ ဒီအချက်တွေကြောင့်ပဲ ကျွန်တော့်အဖေဟာ ၁၉၆၀ နှောင်းပိုင်းမှာ ခရစ်ယာန်ဘာသာကို စွန့်ခွာခဲ့ခြင်းဖြစ်တယ်။ တခြားနိုင်ငံတွေကို သာသနာပြု မစ်ရှင်နရီတွေ ဘယ်လောက်ပို့ပို့၊ ဒီလိုကိစ္စတွေကြောင့် လူတွေရဲ့စိတ်ထဲမှာ ပုံရိပ်ထင်ခဲ့တဲ့ ဘုရားသခင်ရဲ့ ပုံသဏ္ဌာန်ကို ပြောင်းလဲသိမြင်လာစေဖို့ဆိုတာ ခက်ခဲတယ်။ ယေရှုက ကိုယ်စားပြုပြီး ပြသခဲ့တဲ့ ခမည်းတော်ဘုရားရဲ့ စာရိတ္တတော်ဟာ ပျောက်ဆုံးခဲ့ပါတယ်။ ဒီလိုနဲ့ အရာအားလုံးထက် ဘုရားသခင်ရဲ့ ဂုဏ်တော်ကို အသရေဖျက်လိုတဲ့ နတ်ဆိုးတစ်ပါးရှိတယ်ဆိုရင် အဲဒီနတ်ဆိုးဟာ အောင်မြင်နေပြီလို့ ထင်မှတ်စရာရှိတယ်။ အကြောင်းကတော့ ယေရှုက ခမည်းတော်ဘုရားဟာ သူနဲ့ တစ်ပုံစံတည်းဖြစ်တယ်လို့ ပြောဆိုခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်။

"ယေရှုက၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူ ရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ ဆိုရသနည်း။" (ရှင်ယောဟန် ၁၄: ၉)။

## အမေရိကရှိ အသင်းတော်နှင့် နိုင်ငံတော်အစိုးရတို့၏ ရင်းနှီးဆက်ဆံရေး


ခရစ်ယာန်ယုံကြည်ခြင်းနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ သံသစိတ်တွေဟာ ဒီလိုပုံပြင်နှင့် အကြောင်းအရာတွေကို ကြားရပြီးနောက်မှာ မှန်သယောင်ရှိလာခဲ့တယ်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း ဒေါ်နယ့်ရမ်းစ်ဖဲ့ဒ်[1]က သမ္မတဘွတ်ရှ်ဆီ တင်ပြတဲ့

[1] Donald Rumsfeld

Worldwide Intelligence Update အစီရင်ခံစာရဲ့ ထိပ်ပိုင်းမှာ ကျမ်းချက်တစ်ခု ထည့်သွင်းခဲ့တယ်။

စာအုပ်မျက်နှာဖုံးက အားရစရာကောင်းတဲ့ ရောင်စုံဓာတ်ပုံနဲ့ စစ်သားတွေ ဆုတောင်းနေကြပုံ၊ စစ်တိုက်ဖို့ ပြင်ဆင်နေကြတဲ့ လူငယ်တွေရဲ့ပုံနှင့် ဆတ်ဒမ်ဟူစိန်ရုပ်တု ပြိုကျပျက်စီးနေတဲ့ပုံတို့ ပါဝင်တယ်။ အဲဒီပုံတွေနဲ့အတူ ကျမ်းပိုဒ်ကိုးကားချက်တွေလည်း ပါရှိတယ်။ တချို့က ဒါတွေဟာ စစ်သားတွေ စိတ်ဓာတ်ခွန်အားရစေဖို့ ထည့်သွင်းတာဖြစ်မယ်လို့ ယူဆကြတယ်။ တချို့ကတော့ ဒီလိုပုံနဲ့ စာသားတွေဟာ ဘုရားတရားနဲ့ ကိုက်ညီပါ့မလားဆိုပြီး စဉ်းစားကြတယ်။

အမေရိကန်တင့်ကားတစ်စီးရဲ့ ပုံတစ်ပုံမှာ “တံခါးတို့ကို ဖွင့်ကြလော့။ သစ္စာစောင့်၍ ဖြောင့်မတ်သောလူမျိုး ဝင်ပါစေ” (ဟေရှာယ ၂၆: ၂) ဆိုတဲ့ ကျမ်းချက်နှင့် ဆုတောင်းနေတဲ့ စစ်သားနှစ်ဦးပုံမှာ “ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဖို့ အဘယ်သူ သွားမည်နည်းဟု မေးတော်မူသံကို ငါ ကြားလျှင် ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏။” (ဟေရှာယ ၆: ၈) ဆိုတဲ့ ကျမ်းစာပိုဒ်တွေကို ထည့်သွင်းဖော်ပြထားခဲ့တယ်။


TOP SECRET//HCS/COMINT-GAMMA//ORCON,NOFORN//EXDIS//X1,X6

Secretary of Defense

Worldwide Intelligence Update

“Whom shall I send, and who will go for us?”

NO DISTRIBUTION – SPECIAL HANDLING

The overall classification of this briefing is:

TOP SECRET//HCS/COMINT-GAMMA//ORCON,NOFORN//EXDIS//X1,X6

Handle via HUMINT/COMINT Channels Jointly


1

Copy __ of 10

As of 170630 EST Mar 03

နေဝင်ချိန်မှာ ရိုက်ကူးထားတဲ့ အမေရိကန်တင့်ကားတစ်စီးပုံမှာ "ထို့ကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့" (ဧဖက် ၆: ၁၃)ဆိုတဲ့ ကျမ်းချက်ကို ထည့်သွင်းဖော်ပြထားတယ်။

[https://www.wsj.com/articles/SB124266487032730893](https://www.wsj.com/articles/SB124266487032730893)
[Wall Street Journal](https://www.wsj.com/articles/SB124266487032730893)






ခရစ်ယာန်ယုံကြည်ခြင်းကို မသိနားမလည်တဲ့ အပြင်လူတစ်ယောက်က ဒီလိုပုံတွေကို မြင်တဲ့အခါမှာ ခရစ်ယာန်ဘာသာဟာ အာဏာရှင်တွေရဲ့ လက်ထဲမှာရှိတဲ့ နိုင်ငံရေး လက်နက်တစ်ခုအဖြစ်သာ မြင်လာကြတော့တယ်။ မူစလင်ဘာသာဝင်တစ်ဦးက အဲ့လိုပုံ တွေကို မြင်တဲ့အခါမှာ အထူးပြောနေစရာမလိုဘဲ ခရစ်ယာန်ဘာသာကို သဘောကျမှာ မဟုတ်ဘူးဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်တယ်။ အဲ့လိုမျိုး ကျမ်းချက်တွေ၊ စာပိုဒ်တွေကို ထည့်သွင်းရေးသားထားခြင်းဟာ သည်းခံနိုင်စရာ မရှိလောက်အောင် သူတော်ကောင်း ယောင်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။ စစ်သားတွေက သူတို့ဘာလုပ်ရမလဲလို့ မေးကြတဲ့ အခါမှာ နှစ်ခြင်းဆရာယောဟန်က ဒီလိုဖြေကြားခဲ့တယ်။ "စစ်သူရဲတို့ကလည်း အကျွန်ုပ် တို့သည် အဘယ်သို့ ပြုရပါမည်နည်းဟု မေးလျှောက်ကြလျှင်၊ သင်တို့သည် အဘယ် သူကိုမျှ အနိုင်အထက်မပြုကြနှင့်။ အဘယ်သူကိုမျှ မလျှပ်ကြနှင့်။ ကိုယ်ရသောအခနှင့် ရောင့်ရဲကြလော့ဟု ပြန်ပြော၏။" (ရှင်လုကာ ၃: ၁၄)။

အမေရိကန်နိုင်ငံဟာ သမိုင်းကြောင်းအရ ကြည့်မယ်ဆိုရင် ခရစ်ယာန်နိုင်ငံအပီသဆုံးနိုင်ငံ ဖြစ်တယ်။ တခြားခရစ်ယာန်နိုင်ငံတွေက သူတို့ရဲ့ အနာဂတ်ခေါင်းဆောင်တွေကို သီအိုလိုဂျီကို သင်ယူဖို့ အမေရိကသို့ စေလွှတ်ကြတယ်။ ဆော်ဒီအာရေးဗျနိုင်ငံရဲ့ ချမ်းသာ ကြွယ်ဝမှုကြောင့် ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေဟာ အာရေးဗျန်အစ္စ လာမ်ဘာသာရဲ့ ပုံသဏ္ဍာန်အတွင်း ပုံသွင်းခံခဲ့ရသလိုမျိုး အမေရိကရဲ့ ချမ်းသာ ကြွယ်ဝမှုက ယူအက်စ်က လက်ခံတဲ့ ခရစ်ယာန်ဘာသာရေးပုံစံတစ်ခုကို ပေါ်ထွန်းလာ စေခဲ့တယ်။ ဒါဟာ သဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုလည်း ဖြစ်တယ်။ အကြောင်းကတော့ ဘာသာရေးကို ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကနေ ပယ်ထုတ်လို့ မရတဲ့အတွက်ကြောင့် ဖြစ်တယ်။ ဒါကြောင့် အမေရိကမှာရှိတဲ့ ခရစ်ယာန်ဘာသာဟာ အမေရိကန်ဆန်တယ်။ အမေရိကန်ပြည်ထောင်စုက ဟောလိဝုဒ်ဇာတ်ကား၊ ကိုကာကိုလာ၊ ဖေ့စ်ဘုတ် စတဲ့ အရာတွေကို တကမ္ဘာလုံးကို ဖြန့်ဝေသလိုပဲ သူတို့ရဲ့ ခရစ်ယာန်ဘာသာပုံစံကိုလည်း ဖြန့်ဝေပျံ့နှံ့စေခဲ့တယ်။

အမေရိကမှာ ရှိတဲ့ ခရစ်ယာန်တွေဟာ စစ်တပ်ထဲဝင်ရမှာကို သဘောကျနှစ်သက်ကြ တယ်။ သူတို့က ဘုရားသခင်ရဲ့ စစ်သား (ဒါမှမဟုတ်) ဘုရားသခင်အတွက် စစ်သားတွေ

ဖြစ်ချင်ကြတာဖြစ်တယ်။ ဒါဟာ ယူအက်စ်စစ်တပ်က သူတို့ရဲ့ စစ်ဆင်ရေးလုပ်ငန်းတွေကို ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဆောင်ရွက်နေတာဖြစ်တယ်လို့ ထင်မြင်ကြတဲ့အတွက် ဖြစ်တယ်။ ယေရှုက တိုင်းနိုင်ငံအသီးသီးကို သွားပြီးတော့ ဧဝံဂေလိသတင်းကောင်းကို ဟောပြောဖို့ စေခိုင်းခဲ့တာ မဟုတ်လား။ တခြားတိုင်းနိုင်ငံတွေကို စစ်တိုက်ပြီး သိမ်းပိုက်ဖို့ စေခိုင်းခဲ့ပါသလား။ ယူအက်စ်ဟာ တခြားနိုင်ငံတွေရဲ့ ကိစ္စတွေမှာလည်း ဝင်ရောက်စွက် ဖက်တဲ့ နိုင်ငံဖြစ်တယ်။ ၎င်းက စွက်ဖက်ခဲ့တဲ့ နိုင်ငံတွေရဲ့ စာရင်းကို ကျွန်တော် မျှဝေ ပေးချင်ပါတယ်။ တချို့က "အရင်တုန်းက ဘုရားသခင်ကလည်း က္ကသရေလလူမျိုးတွေကို အသုံးပြုပြီး တခြားနိုင်ငံတွေရဲ့ နိုင်ငံရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ခဲ့တယ် မဟုတ် လား" ဆိုပြီး မေးခွန်းထုတ်တတ်ကြတယ်။ ကျွန်တော်ကတော့ ဘုရားသခင်ရဲ့ နိုင်ငံတော် နှင့် လူသားတွေရဲ့ နိုင်ငံတော်မှာ ခြားနားချက် တစုံတရာရှိနေမလားဆိုပြီး ဖြေလိုက် ချင်ပါတယ်။ အောက်က စာရင်းဇယားကို ကြည့်တဲ့အခါ တစ်ခုချင်းစီမှာ ထူးခြားတဲ့ ကိုယ်ပိုင်ဇာတ်လမ်းအသီးသီးရှိတယ်ဆိုတာ သတိရပါ။ ဒီစာအုပ်ကို ဖတ်တဲ့ မိတ်ဆွေ အနေနဲ့ မိမိကိုယ်တိုင်က သုတေသနပြုလုပ်ပြီး လေ့လာချင်ရင် လေ့လာသင့်တဲ့ အကြောင်းအရာဖြစ်တယ်။

| **အမေရိကန်က အခြားနိုင်ငံတွေရဲ့ အစိုးရတွေကို ဖြုတ်ချခဲ့တဲ့ စာရင်းဇယား**<br>* = အောင်မြင် | |
|---|---|
| China 1940 to early 1960's | Angola 1975, 1980s |
| Albania 1949-1953 | Zaire 1975 |
| East Germany 1950s | Portugal 1974-76 * |
| Iran 1953 * | Jamaica 1976-80 * |
| Guatemala 1954 * | Seychelles 1979-81 |
| Costa Rica mid-1950s | Chad 1981-82 |
| Syria 1956-7 | Grenada 1983 * |
| Egypt 1957 | South Yemen 1982-84 |
| Indonesia 1957-58 | Suriname 1982-84 |
| British Guiana 1953-64 * | Fiji 1987 * |
| Iraq 1963 * | Libya 1980s |
| North Vietnam 1945-73 | Nicaragua 1981-90 * |
| Cambodia 1955-70 * | Panama 1989 * |

| | |
|---|---|
| Laos 1958 *, 1959 *, 1960 * | Bulgaria 1990 * |
| Ecuador 1960-63 * | Albania 1991 * |
| Congo 1960 * | Iraq 1991 |
| Brazil 1962-64 * | Afghanistan 1980s * |
| Dominican Republic 1963 * | Somalia 1993 |
| France 1965 | Yugoslavia 1999-2000 * |
| Cuba 1959 until recently | Ecuador 2000 * |
| Bolivia 1964 * | Afghanistan 2001 * |
| Indonesia 1965 * | Venezuela 2002 * |
| Ghana1966 * | Iraq 2003 * |
| Chile 1964-73 * | Haiti 2004 * |
| Greece 1967 * | Somalia 2007 to present |
| Costa Rica 1970-71 | Libya 2011 * |
| Bolivia 1971 | Syria 2012 |
| Australia 1973-75 * | Ukraine 2014 |

http://williamblum.org/essays/read/overthrowing-other-peoples-governments-the-master-list

"ယေရှုကလည်း သင့်ဓားကို သူ့နေရာ၌ ပြန်ထားလော့။ ဓားကို ကိုင်သောသူရှိသမျှတို့သည် ဓားဖြင့် ဆုံးခြင်းသို့ ရောက်ကြလိမ့်မည်။" (ရှင်မဿဲ ၂၆: ၅၂)။

## ဘာသာရေးအတွင်းက နိုင်ငံရေးမှာ အသစ်အဆန်းမဟုတ်

ယနေ့ခေတ် ပညာတတ်ပုဂ္ဂိုလ်အများစုက ခေတ်ကို ဦးတည်၊ ဖြစ်တည်လာစေတဲ့ အကြောင်းရင်းတွေထဲမှာ ဘာသာရေးအတွေးအခေါ်ရဲ့ အကျိုးသက်ရောက်မှုကို လျှော့တွက်မိတတ်ကြတယ်။ အသင်းတော်တွေမှာ (အထူးသဖြင့်) ကက်သလစ်အသင်းတော်ဟာ နိုင်ငံတော်အစိုးရထက် ပိုမိုသက်တမ်းရှည်လျားပြီး ပိုမိုတည်ငြိမ်မှုရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ အကြောင်းက သူတို့ဟာ ရေရှည် ကြိုတင်တွေးတောနိုင်ကြတဲ့အတွက်ကြောင့် ဖြစ်တယ်။ ရွေးကောက်တင်မြှောက်ခံရတဲ့ အစိုးရတွေဟာ နှစ်အနည်းငယ်အတွင်းမှာ ပြောင်းလဲကုန်ကြတယ်။ ဘာသာရေးအတွေးအခေါ်နဲ့ ပတ်သက်တဲ့ တချို့ပေါ်လစီတွေဟာ (ယနေ့ ခေတ်လူငယ်အများစုဖြစ်တဲ့) ဘာသာမဲ့တွေအတွက် နားလည်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ခေတ်သစ်လူငယ်တွေဟာ သမိုင်းအပေါ် စိတ်မဝင်စားကြတဲ့အတွက် ဘာသာရေးနဲ့ ပတ်သက်တဲ့ သမိုင်းအစဉ်အလာတွေကို လက်တွေ့မဆန်တဲ့ အတွေးအခေါ်

တွေအဖြစ် သတ်မှတ်ပြီး လျစ်လျူရှုကြတယ်။ ဒါပေမယ့် ရလဒ်ကတော့ မပြောင်းလဲခဲ့ပါဘူး။ ဥပမာအနေနဲ့ အစ္စရေးနိုင်ငံတည်ထောင်ရေးအစီအစဉ်မှာ အရေးကြီးတဲ့ ဘဲလ်ဖိုးကြေညာစာတမ်း[2] (၁၉၁၇ ခုနှစ်)မှာ ရေးသားထားတာကတော့ —

> ပါလက်စတိုင်းတွင် ဂျူးပြည်သူများအတွက် ပြည်နယ်အစိုးရတစ်ရပ် တည်ထောင်ခြင်းကို နိုင်ငံတော်အစိုးရက ခွင့်ပြုထောက်ခံသည်။ ဦးတည်ချက် အဆင်ပြေပြေပြီးမြောက်စေရန် နိုင်ငံတော်အနေဖြင့် တတ်အားသမျှ ကြိုးစားသွားမည်ဖြစ်သည်။ ပါလက်စတိုင်းအတွင်း နေထိုင်သည့် ဂျူးမဟုတ်သော အသိုင်းအဝိုင်းများ၏ ဘာသာရေးအခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ အခြားနိုင်ငံရှိ ဂျူးလူမျိုးများ၏ ခံစားခွင့်ဖြစ်သောအခွင့်အရေးများ၊ နိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်များကို အန္တရာယ်ပြုနိုင်မည့်အရာတစုံတခုမျှ ပြုလုပ်မည်မဟုတ်သည်ကို အစိုးရအနေဖြင့် ရှင်းလင်းစွာ နားလည်ထားပြီးဖြစ်သည်။ — (ဘဲလ်ဖိုးကြေညာစာတမ်း)။

ဒါကို အပေါ်ယံက ကြည့်ရင် ဗြိတိန်နိုင်ငံရေးမှာ ဂျူးလူမျိုးတွေရဲ့ ဩဇာလွှမ်းမိုးမှုကြောင့်လက်တွေ့ဆန်တဲ့ နိုင်ငံရေးမှာ အခြေခံတဲ့ သာမန်နိုင်ငံရေး ပေးစာတစ်စောင်သာ သာဖြစ်တယ်လို့ မြင်နိုင်ချေရှိတယ်။ ဒါပေမဲ့ အဲဒါက အကုန်မဟုတ်သေးဘူး။ ဘဲလ်ဖိုး ကိုယ်တိုင်အပါအဝင် ဂျူးနိုင်ငံတော်တည်ထောင်ရေးဝါဒီ ခရစ်ယာန်အများအပြားက ပါလက်စတိုင်းမှာဂျူးပြည်နယ်အစိုးရတစ်ရပ်ကို တည်ထောင်ဖို့ လိုချင်ကြတယ်။ ဘာကြောင့်လဲဆိုတော့အဲဒါဟာ သမ္မာကျမ်းစာထဲမှာ ရှိတဲ့ နောက်ဆုံးသောကာလဟောကိန်းတွေအတွက် မဖြစ်မနေ လုပ်ဆောင်ရမယ့် ခြေလှမ်းတစ်ခုအဖြစ် သူတို့က ရှုမြင်ကြတယ်။ သူတို့ဟာ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း၊ ကပ်ကမ္ဘာကုန်ဆုံးချိန်၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်ဖြစ်တဲ့ပါရဒိသုဘုံကို တည်ထောင်ခြင်းတို့ကို ပိုမိုလျှင်မြန်စေမယ့် အုတ်မြစ်တစ်ခုကို တည်ထောင်နေကြတယ်လို့ ခံယူကြတယ်။

> "ဘဲလ်ဖိုးကြေညာစာတမ်းကို ထုတ်ပြန်ရာမှာ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ဂျူးနိုင်ငံထူထောင်ရေးဝါဒီ ခရစ်ယာန်တွေရဲ့ ကြီးမားတဲ့ ဩဇာလွှမ်းမိုးမှု ပါဝင်နေတာဟာ အထူးအဆန်းမဟုတ်ပါဘူး။ ဂေါ်ဒ်မန်းရဲ့ ပြောကြားချက်အရ အင်္ဂလန်နိုင်ငံခြားရေးဝန်ကြီး လော့ဒ်အာသာဂျိမ်းစ်ဘဲလ်ဖိုးရဲ့ ဘာသာရေးခံယူချက်ဟာ သူ့ရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်ကိုလွှမ်းမိုးမှုရှိနေတယ်။ အထူးသဖြင့်၊ ပါလက်စတိုင်းပြန် ဂျူးလူမျိုးတစ်ဦးနဲ့ ပတ်သက်တဲ့

---

[2] Balfour Declaration

မေးခွန်းမျိုးတွေမှာ သမ္မာကျမ်းစာရဲ့ ပရောဖက်ပြုချက် ပြည့်စုံခြင်းအဖြစ် သူ့ခံယူချက်လည်း ပါဝင်ပတ်သက်နေပါတယ်။ ဘဲလ်ဖိုးက ဗြိတိသျှဇိအွန်းနစ်ဖေဒရေးရှင်းရဲ့ အမည်ခံဥက္ကဌ လော့ဒ်လီယွန်နယ်ဝါလ်တာ ရုတ်ချားလ်စ်ဆီကို ပေးပို့တဲ့ ကြေငြာစာတမ်းဟာ နိုင်ငံရေးအသွင်သဏ္ဌာန်ဆောင်တဲ့ ဘာသာရေးကြေညာစာတမ်းသာ ဖြစ်တယ်။ ပါလက်စတိုင်းမှာ "ဂျူးပြည်သူတွေအတွက် ပြည်နယ်အစိုးရတစ်ရပ် တည်ထောင်ခြင်း" ဆိုတဲ့ စကားဟာ နိုင်ငံရေးစနစ်မှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေကို ဆောင်ရွက်လိုတဲ့ ခရစ်ယာန်တွေရဲ့ ယုံကြည်ခံယူချက်အမှန်ကို ထင်ရှားဖော်ပြနေတယ်။ ဘဲလ်ဖိုးရဲ့ ကြေညာစာတမ်းဟာ နိုင်ငံတကာဆက်ဆံရေး ကြေညာစာတမ်း တစ်ခုသာ မဟုတ်ဘဲ ဂျူးလူမျိုးတွေရဲ့ ပြင်းပြတဲ့ အလိုဆန္ဒနှင့် ကြီးမားတဲ့ ဩဇာအာဏာကို အသိအမှတ်ပြုတဲ့ စာတမ်းတစ်စောင်ဖြစ်တယ်။"

[https://www.jpost.com/Opinion/Christian-Zionism-and-the-Balfour-Declaration-508034](https://www.jpost.com/Opinion/Christian-Zionism-and-the-Balfour-Declaration-508034)

အမေရိကန်ဟာ အစ္စရေးကို ဘာကြောင့် ဒီလောက် မဆုတ်မနစ် ကြိုးစားထောက်ပံ့နေတာလဲလို့ လူတွေက စဉ်းစားကြတဲ့အခါ ဂျူးလူမျိုးတွေဟာ အမေရိကန်အစိုးရမှာ ကြီးမားတဲ့ ဩဇာလွှမ်းမိုးမှုရှိနေတယ်လို့ ထင်မြင်ကြတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဂျူးလူမျိုးလူဦးရေ လက်တဆုပ်စာလောက်ပဲ ရှိပေမယ့် ခရစ်ယာန်တွေက သူတို့ရဲ့ အထူးသဖြင့် ပရောဖက်ပြုချက်နဲ့ ပတ်သက်တဲ့ ဘာသာရေးဆိုင်ရာ ခံယူချက်တွေကြောင့် အစ္စရေးအရေးကိစ္စတွေကို ထောက်ခံနေကြတာ ဖြစ်တယ်။ အဲဒီအကြောင်းတွေကြောင့်ပဲ အမေရိကန်အစိုးရအနေနဲ့ အစ္စရေးကို သူတို့နိုင်ငံရဲ့ လုံခြုံရေးကို ထိခိုက်စေလောက်တဲ့အထိ မဆုတ်မနစ် သစ္စာရှိရှိနဲ့ ထောက်ပံ့နေကြခြင်းပဲ ဖြစ်တယ်။ တကယ်လို့ မူစလင်တွေကသာ ဒီအကြောင်းကို နားလည်တယ်ဆိုရင် (အတိုင်းအတာတစ်ခုအထိ နားလည်တယ်လို့ ယူဆပါတယ်) ကျွန်တော်တို့ကို တုန်လှုပ်သွားစေလောက်တယ်။ ဒီအကြောင်းတွေကြောင့် အာရပ်မူစလင်တွေက အာရပ်ခရစ်ယာန်တွေကို သံသယမျက်လုံးတွေနဲ့ ထောက်ကြည့်နေကြတာဖြစ်တယ်။

ဘဲလ်ဖိုးကြေငြာစာတမ်းနှင့် ပရောဖက်ပြုချက်တွေ အကြောင်းကို ဂူးဂဲလ်မှာ ဝင်ရှာကြည့်မယ်ဆိုရင် ဒါဟာ နောက်ဆုံးသောကာလရဲ့ ပရောဖက်ပြုချက် ပြည့်စုံခြင်းဖြစ်တဲ့ ဥပမာတစ်ခုအဖြစ် ထောင်ချီတဲ့ ရေးသားချက်တွေ၊ ဖော်ပြချက်တွေကို တွေ့ရမှာဖြစ်တယ်။ ပြဿနာက အစိုးရရဲ့ပေါ်လစီဟာ ဒီကမ္ဘာပေါ်မှာ ဘုရားသခင်ရဲ့ အပြုအမူအပေါ် သက်

ရောက်မှု၊ ဒါမှမဟုတ် အဆုံးအဖြတ်ပေးနိုင်သလို အဓိပ္ပါယ်သက်ရောက်သွားတယ်။ အဲဒီ အတွေးအခေါ်က ပရိုတက်စ္စတင့်ရဲ့ မူလအတွေးအခေါ်ဖြစ်တဲ့ အသင်းတော်နှင့် နိုင်ငံတော် အစိုးရတို့ရဲ့ ခွဲခြားတည်ရှိခြင်းကို အားနည်းသွားစေတယ်။ ခရစ်တော်ရဲ့ ပြန်ကြွလာတော်မူခြင်းကို အစိုးရက မြန်ဆန်စေနိုင်တယ်ဆိုရင်၊ အစိုးရက ဘုရားသခင်ရဲ့ အလိုတော်နဲ့အညီ ပေါ်လစီတွေကို ချမှတ်နိုင်တယ်ဆိုရင်၊ တကယ်လို့ အစိုးရက မစ်ရှင်နရီတွေ သတင်းစကား ဖြန့်ဝေနိုင်ဖို့ ငွေကြေး ထောက်ပံ့ပေးနိုင်တယ်ဆိုရင် ခရစ်ယာန်တွေအနေနဲ့ အစိုးရနဲ့ ပူးပေါင်းပြီး အမှုတော်ကို ပြီးမြောက်စေဖို့ ဆောင်ရွက်ခြင်းဟာ ပိုမိုထိရောက်တယ် မဟုတ်လား။ ငွေကြေးထောက်ပံ့သူ မရှိဘဲနဲ့ သာမန်ပြည်သူ ဧဝံဂေလိတရား ဟောပြောဝေငှသူတွေက အမှုတော်ဆောင်တာထက် အစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်တယ်ဆိုရင် ပိုမိုထိရောက်မယ် မဟုတ်လား။ ဒီလိုအတွေးအခေါ်ဟာ ၂၀၁၇ ခုနှစ်၊ ဂျွန်ဟော့စ်ရဲ့ Christian Zionist Group မှာ ထရမ့်အစိုးရရဲ့ ဒုသမ္မတဖြစ်တဲ့ မိုက်ပင့်စ်ရဲ့ "အစ္စရေးအတွက် ခရစ်ယာန်ညွှန့်ပေါင်းအဖွဲ့" ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောကြားခဲ့တဲ့ မိန့်ခွန်းဖြစ်တယ်။ ဆိုလိုရင်းသဘောကတော့ ၁၉၁၇ ခုနှစ် ဘဲလ်ဖိုးရဲ့ လုပ်ဆောင်ချက်တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့ ဖြစ်တယ်။ ဝါရှင်တန်ပို့စ်ရဲ့ ဆောင်းပါးတစ်ဆောင်မှာ ရေးသားထားတာက -

**အစ္စရေးအတွက် ခရစ်ယာန်ညွှန့်ပေါင်းအဖွဲ့အစည်း (CUFI) ဆိုတာ ဘာလဲ။**

အစ္စရေးအတွက် ခရစ်ယာန်ညွှန့်ပေါင်းအဖွဲ့အစည်း (CUFI) ကို ၂၀၀၆ ခုနှစ်မှာ ဆန်အန်တိုနီယိုမှာ ရှိတဲ့ အသင်းတော်ကြီးမှ အသင်းအုပ်ဆရာတစ်ဦးဖြစ်တဲ့ ဂျွန်ဟာဂီးက တည်ထောင်ခဲ့တယ်။ ဂျွန်ဟာဂီးဟာ ၂၀၁၆ ခုနှစ်၊ မေလမှာ ဒေါနယ့်ထရမ့်ကို သမ္မတအဖြစ် ထောက်ခံချက်ပေးခဲ့သူဖြစ်တယ်။ Christians United for Israel (CUFI)ဟာ အမေရိကမှာ အစ္စရေးအရေးကို အားပေးထောက်ခံတဲ့ အကြီးမားဆုံးအုပ်စုဖြစ်ပြီး အဲဒီအဖွဲ့မှာ အဖွဲ့ဝင်ပေါင်း သုံးသန်းကျော်ရှိတယ်။ ၎င်းအဖွဲ့အစည်းက အစ္စရေးထောက်ပံ့ရေးကိစ္စတွေအတွက် ဒေါ်လာသန်းပေါင်းများစွာကို ရှာဖွေပေးခဲ့တယ်။

CUFI ဟာ ယနေ့ အမေရိကရှိ ခရစ်ယာန် ဂျူးနိုင်ငံထူထောင်ရေးဝါဒအကြောင်းကို မြင်တွေ့နိုင်မယ့် အထင်ရှားဆုံး သက်သေအထောက်အထားတစ်ခုဖြစ်တယ်။

**ဒါဆိုရင် ခရစ်ယာန်ဂျူးနိုင်ငံထူထောင်ရေး (Christian Zionism) ဆိုတာ ဘာလဲ။**

ခရစ်ယာန်ဂျူးနိုင်ငံထူထောင်ရေးဝါဒဆိုတာ ခရစ်ယာန်တွေရဲ့ သမ္မာကျမ်းစာအပေါ် ယုံကြည်ချက်ကြောင့် ဂျူးလူမျိုးတွေအတွက် နိုင်ငံရေးအရဖြစ်စေ၊ ပစ္စည်းဥစ္စာနဲ့ဖြစ်စေ ထောက်ပံ့ခြင်းဖြစ်တယ်။ ယနေ့ခေတ်မှာ ခရစ်ယာန်ဂျူးနိုင်ငံထူထောင်ရေးဝါဒီတွေက ၁၉၄၈ ခုနှစ်မှာ ဂျူးနိုင်ငံပြန်လည်ထူထောင်ခြင်း၊ ၁၉၆၇ ခုနှစ်မှာ ၎င်းရဲ့ စစ်တပ်ရဲ့ အောင်မြင်မှု၊ ပါလက်စတိုင်းနှင့် ၎င်းရဲ့ ဘေးပတ်လည်ရှိ အာရပ်နိုင်ငံတွေနဲ့ ပဋိပက္ခတွေဟာ သမ္မာကျမ်းစာက ပရောဖက်ပြုထားတဲ့အရာတွေဖြစ်တယ်လို့ ယုံကြည်ကြတယ်။ ပြီးတော့ အဲဒါတွေဟာ ဂျူးလူမျိုးတွေနဲ့ ပတ်သက်တဲ့ ဘုရားသခင်ရဲ့ ပဋိညာဉ်တွေနဲ့ ရင်းရင်းနှီးနှီး ဆက်နွယ်နေကြတယ်လို့လည်း သူတို့က ယုံကြည်ကြတယ်။

ခေတ်သစ်အစ္စရေးနိုင်ငံရဲ့ အခြေအနေဟာ ပရောက်ဖက်ပြုချက်တွေနဲ့ မသက်ဆိုင်တော့ ဘူးလို့ ထင်မြင်ကြတဲ့ အခြားဧဝန်ဂျီလီကန် ခရစ်ယာန်တွေနဲ့ မတူဘဲ ခရစ်ရှန်-ဇီအွန်းနစ်[3]တွေက အမေရိကန်ပြည်ထောင်စုရဲ့ ကံကြမ္မာဟာ အစ္စရေးအပေါ် သူတို့ရဲ့ အားကြိုးမာန်တက် ထောက်ပံ့မှုအပေါ် မူတည်နေတယ်လို့ ငြင်းခုံကြတယ်။ သူတို့ရဲ့ ကိုးကားမှုအများဆုံး ကျမ်းချက်ကတော့ ဘုရားသခင်က အာဗြဟံကို ပြောခဲ့တဲ့ "သင့်ကို ကောင်းချီးပေးသော သူကို ငါ ကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသော သူကို ငါ ကျိန်ဆဲမည်" ဆိုတဲ့ ကျမ်းချက်ပဲဖြစ်တယ်။ (ကမ္ဘာဦးကျမ်း ၁၂: ၃)။

**ယူအက်စ်မှာ အစ္စရေးထောက်ခံရေးသမားတွေက ရာထူးတာဝန်ရှိကြတာဟာ အထွေအထူး တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မိုက်ပင့်စ်ရဲ့ ခရစ်ရှန်-ဇီအွန်းနစ်အမြင်က ဘယ်လိုခြားနား သလဲ။**

ပထမအချက်အနေနဲ့ မိုက်ပင့်စ်ရဲ့ ခရစ်ယာန်-ဂျူးနိုင်ငံထူထောင်ရေးဝါဒမှာ အစ္စရေးနိုင်ငံ ဟာ သမ္မာကျမ်းစာက ပရောဖက်ပြုချက်တွေရဲ့ ပြည့်စုံခြင်းဖြစ်တယ်လို့ ယုံကြည်ထားတယ်။ မေလတုန်းက အခန်းပြည့်ရှိတဲ့ ဒီပလိုမာ သင်တန်းသူ၊ သင်တန်းသားတွေကို သူက ပြောကြားရာမှာ ၁၉၄၈ ခုနှစ်မှာ အစ္စရေးနိုင်ငံတည်ထောင်ခြင်းနဲ့အတူ ပရောက်ဖက် ပြုချက်တွေဟာ အမှန်တကယ် ဖြစ်လာခဲ့တယ်လို့ သူက ပြောခဲ့တယ်။ ဒါပေမယ့် ခရစ်ရှန်-ဇီအွန်းနစ်အသိုင်းအဝန်းထဲမှာရော ပြင်ပမှာပါ ငြင်းခုံမှုတွေကို ဖြစ်စေနိုင်တဲ့ အနာဂတ်ပ ရောဖက်ပြုချက်ပြည့်စုံမည်၊ မပြည့်စုံမည် ခန့်မှန်းမှုမျိုးကိုတော့ ပါးနပ်စွာ သူ ရှောင်ကြဉ်ခဲ့

[3] Christian Zionists

တယ်။ အဲလိုမျိုး ကြိုတင်ခန့်မှန်းခြင်းဟာ သူ့လို ဒုသမ္မတတစ်ဦးဆီက လာရင် အစိုးရရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုအပေါ် စိုးရိမ်စိတ်တွေ မြင့်မားလာနိုင်ချေရှိတဲ့အတွက်ဖြစ်တယ်။

မိုက်ပင့်စ်ရဲ့ ခံယူချက်မှာ ပိုမိုသိမ်မွေ့တဲ့ ဒုတိယအာဘော်တစ်ခု ရှိပါသေးတယ်။ အဲဒီအရာက အစ္စရေးဟာ ဘုရားသခင်ရဲ့ သစ္စာစောင့်သိမှု အမှတ်အသားလက္ခဏာ ဖြစ်တယ်ဆိုတာပဲ ဖြစ်တယ်။ တိုးတက်ထွေပြားလာတဲ့ လောကီအသိုင်းအဝိုင်းရဲ့ တိုက်ခိုက်မှုတွေကြောင့် ပင့်စ်နှင့် အခြားခရစ်ယာန်တွေက အတိုက်အခံပြုခံနေရတဲ့အတွက် သတင်းစကား ဟောကြားရာမှာ သစ္စာရှိဖို့ အလေးထားပြီး ပြောဆိုလာခဲ့ကြတယ်။ ပင့်စ်ရဲ့ စကားအရ အစ္စရေးနိုင်ငံရဲ့ တည်ရှိမှုဟာ "ဘုရားသခင်သည် သူ၏ ကတိတော်ကို သူ၏ လူမျိုးများအပေါ်တွင် ပြည့်စုံစေသည်" ဆိုတဲ့ စကားအတွက် သက်သေဖြစ်တယ်။ အစ္စရေးနိုင်ငံရဲ့ လွတ်လပ်မှုဟာ လူသားတွေရဲ့ အရေးကိစ္စတွေမှာ ဘုရားသခင်က စိတ်ဝင်စားကြောင်း သက်သေဖြစ်တယ်လို့ ခရစ်ယာန်-ဂျူးနိုင်ငံထူထောင်ရေးဝါဒီတွေက ယုံကြည်ကြတယ်။ ဒါကြောင့် သူတို့ယုံကြည်ချက်ဟာ အစ္စရေးနိုင်ငံ ကြီးပွားတိုးတက်မှသာ ဘုရားသခင်က ကတိတည်တဲ့ ဘုရားဖြစ်မယ် ဆိုတဲ့ သီအိုလိုဂျီနဲ့ ဆိုင်တဲ့ ယုံကြည်ချက်ဖြစ်နေတယ်။

[https://www.washingtonpost.com/news/made-by-history/wp/2017/07/17/what-you-need-to-know-about-mike-pences-speech-to-christians-united-for-israel/?utm_term=.d6226e5aca76](https://www.washingtonpost.com/news/made-by-history/wp/2017/07/17/what-you-need-to-know-about-mike-pences-speech-to-christians-united-for-israel/?utm_term=.d6226e5aca76)

အခုဆိုရင် ဘုရားသခင်ရဲ့ အလိုတော်ကို ကျွန်တော်တို့ ဘယ်လိုနားလည်လဲဆိုတဲ့ ပုံစံက ဘာကြောင့် အရေးကြီးသလဲဆိုတာ သင် နားလည်စပြုလာပြီလို့ ထင်ပါတယ်။ တကယ်လို့ သင်ဟာ ခရစ်ယာန်တစ်ဦးဖြစ်တယ်ဆိုရင် အဲလိုထူးဆန်းတဲ့ အယူအဆ၊ ယုံကြည်မှုကို ဆန်းစစ်အဖြေရှာဖို့ လိုအပ်ပါတယ်။ ဒီကိစ္စက fatheroflove.info မှာရှိတဲ့ ကျွန်တော်တို့ကို တော်တော် ဒုက္ခရောက်စေခဲ့တယ်။ အဲဒီကိစ္စကို အဖြေရှာဖို့ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ကြာခဲ့ရတယ်။ ဘုရားသခင်က ကျွန်တော်တို့ကို သူ့အကြောင်း ဘယ်လိုနားလည်စေချင်သလဲ။ ကျွန်တော်တို့အတွက် သူ့ရဲ့ အလိုတော်ဟာ ဘာလဲ။ အဲလိုခရစ်ယာန် အယူအဆတွေဟာ ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်နေမလဲ။

ခရစ်ယာန်မဟုတ်တဲ့ သူတွေအတွက် ဒီအရာတွေဟာ အလွန် ထူးဆန်းနေနိုင်ပါတယ်။ သူတို့ကို ဒီကိစ္စအကြောင်းတွေကို တွေးတောဆင်ခြင်ကြည့်စေချင်ပါတယ်။ အကြောင်းက သင် နေထိုင်ရာ ကမ္ဘာကြီးဟာ ဘာသာရေးအတွေးအခေါ်နဲ့ ပြည့်နေတဲ့ သူတွေရဲ့

တွန်းအားပေးမှုနဲ့ ပုံသွင်းခံရတဲ့ ကမ္ဘာကြီးဖြစ်တယ်။ အဲဒီအရာတွေကို သင်နားမလည်ဘူးဆိုရင် အမှောင်ထဲမှာ ကူရာမဲ့နေလိမ့်မယ်။ သင်ကိုယ်တိုင် ကိုးကွယ်တဲ့ ဘာသာမရှိဘူးဆိုရင်တောင် သီအိုလိုဂျီနှင့် ဘာသာရေးသမိုင်းကြောင်းတွေနဲ့ ပတ်သက်ပြီး ဗဟုသုတရှိခြင်းဟာ ဝေဖန်ရေးအလုပ်မှာဖြစ်စေ၊ အများပြည်သူနဲ့ဆိုင်တဲ့ အခန်းကဏ္ဍတွေမှာ အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုမျိုး လုပ်ဆောင်နိုင်ဖို့ဖြစ်စေ မရှိမဖြစ် အရေးကြီးတဲ့ အရာဖြစ်တယ်။ လူတွေဟာ အရင်တုန်းကလိုမျိုး သမိုင်းအကြောင်းတွေကို စိတ်မဝင်စားတော့တာက လွဲလို့ ကမ္ဘာကြီးမှာ ပြောင်းလဲသွားတဲ့ အရာ သိပ်မရှိဘူး။ လူတွေက သူတို့ခေါင်းဆောင်တွေရဲ့ အမြင်တွေကိုသာ အလေးထားလာကြတယ်။ သမ္မတထရမ့်ကို ထောက်ခံတဲ့ သူတွေက သူ့ကို ဟေရှာယ ၄၄-၄၅ မှာ ဘုရားသခင်က သူ့ရဲ့ အစေခံ၊ ဘိသိက်ပေးခံရတဲ့ မယုံကြည်သူ ပေရသိရှင်ဘုရင် ကုရှမင်းကြီး (ဆိုင်းရပ်စ်မင်းကြီး)နဲ့ ခိုင်းနှိုင်းကြတယ်။ ထရမ့်ကို တကယ့် ခရစ်ယာန်မဟုတ်သူ၊ စာရိတ္တပျက်ပြားသူအဖြစ် အများက လက်ခံယုံကြည်ကြတယ်။ ဒါပေမယ့်လည်း ဘုရားသခင်က ကုရှမင်းကြီးကို အသုံးပြုသလိုမျိုး ဘုရားသခင် အသုံးပြုတဲ့ သူအဖြစ် သူ့ကို လက်ခံကြပြန်တယ်။

> “၂၀၁၆ ခုနှစ်နှစ်ဦးပိုင်း၊ သမ္မတရွေးကောက်ပွဲမှာ ဒေါနယ့်ထရမ့်က ရီပဗ္ဗလီကန်ပါတီရဲ့ သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်သူဖြစ်လာခဲ့တယ်။ တချို့က လွတ်မြောက်မှု ယူဆောင်လာမယ့်သူအဖြစ် သူ့ကို မြင်ကြတယ်။ အဲလိုအတွေးတွေဟာ ထရမ့်က စည်းရုံးသွေးဆောင်ခဲ့တဲ့ လူတစ်စုဖြစ်တဲ့ တီဗွီဖန်သားပြင်ပေါ်မှ တရားဟောပြောသူတွေ၊ ပင်တေကောစ်တယ်တွေ၊နှင့် ကြီးပွားချမ်းသာရေး တရားဟောသူတွေထံမှ လာတဲ့ အတွေးအခေါ်ဖြစ်တယ်။ လန်းစ်ဝေါလ်နီး[4]လို လူတွေထံမှ လာတဲ့ အတွေးအခေါ်တွေဖြစ်တယ်။ ဝေါလ်နီးဟာ ဧဝံဂေလိတရားဟောပြောသူတစ်ဦးဖြစ်ပြီး ထရမ့်ရဲ့ မဲဆွယ်စည်းရုံးရေးပွဲတွေမှာလည်း သွားရောက်တွေ့ဆုံခဲ့သူဖြစ်တယ်။ ၂၀၀၅ ခုနှစ်ကစပြီး ထရမ့်ဟာ ကုရှမင်းကြီးနဲ့ ဆက်နွယ်တော်စပ်မှုရှိတယ် ဆိုတဲ့ ဆောင်းပါးမျိုးကို သူက ရေးသားခဲ့တယ်။ သမိုင်းတလျှောက်မှာ ဘုရားသခင်က သူ့ရဲ့ လူမျိုးတွေကို ကာကွယ်ဖို့၊ အလိုတော်ကို ပြည့်စုံစေဖို့ မယုံကြည်သူ ခေါင်းဆောင်တွေကို ရွေးချယ်အသုံးပြုခဲ့တယ်လို့ သူက ဆိုခဲ့တယ်။ ကုရှမင်းကြီးက ကျွန်ခံခြင်းကို အဆုံးသတ်မယ့် ဘုရားသခင် ဘိသိက်ပေးတဲ့ ခေါင်းဆောင်ဖြစ်သလို ထရမ့်က နိုင်ငံရေးရာ မသမာ

---

[4] Lance Wallnu

မှုတွေကို အဆုံးသတ်ပေးမယ့်သူဖြစ်တယ်လို့ သူက ဆိုခဲ့တယ်။ ဝေါလ်နီးက ၂၀၁၆ ခုနှစ်မှာ သူ့ရဲ့ အမြင်ခံယူချက်ကို God's Chaos Candidate အမည်ရှိတဲ့ စာအုပ်အဖြစ် ထုတ်ဝေခဲ့တယ်။ ရွေးကောက်ပွဲမတိုင်မီမှာ အဲဒီစာအုပ်ဟာ အမေဇုန်ရဲ့ ၁၉ မြောက် အရောင်းရဆုံးစာအုပ် စာရင်းဝင်သွားခဲ့တယ်။ အဲလိုနဲ့ အခြားသူတွေကလည်း လိုက်ပြီး နှိုင်းယှဥ်ကြတော့တယ်။ ၂၀၁၈ ခုနှစ် မတ်လမှာ အစ္စရေးနိုင်ငံရဲ့ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ရားဟုက အမေရိကသို့ အလည်အပတ် သွားရောက်ခဲ့ပြီး အဲဒီအီဗန်ဂျလီကယ် သမားတွေလိုပဲ တလေသံတည်း ပြောဆိုခဲ့တယ်။ သမ္မတရုံးခန်းမှာ သူက "ဂျူးလူမျိုး တွေက ကျေးဇူးကို လွယ်လွယ်နဲ့ မမေ့လျော့တတ်ကြဘူး" ဆိုပြီး ထရမ့်ကို ရည်ရွယ်ပြီး ပြောဆိုခဲ့တယ်။ သူတို့က ကုရုမင်းကြီး(ဆိုင်းရပ်စ်)ကို သတိရနေကြတယ်။ "လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်သောင်းငါးထောင်တုန်းက ကုရုမင်းကြီးက ဘေဘီလုန်မှာ ကျွန်ခံနေရတဲ့ ဂျူးလူမျိုးတွေကို ပြည်တော်ပြန်ခွင့်ပေးပြီး ဗိမာန်တော်ကို တည်ဆောက်စေခဲ့တာလေ။"

https://harpers.org/archive/2018/05/exiled/

ဒါပေမယ့် ဆန့်ကျင်ဘက်တွေ ဖြစ်ပေါ်လာခဲ့တယ်။ လူသားတို့ရဲ့ အစိုးရအဖွဲ့တွေဟာ တွန်းပို့နိုင်အားနဲ့ လည်ပတ်ကြတယ်။ ခေတ်သစ်အစ္စရေးနိုင်ငံဟာ အဲလိုတွန်းအားကြောင့် ဖြစ်တည်လာတဲ့ နိုင်ငံဖြစ်တယ်။ လောကီသားတွေကို ခမည်းတော်နှင့် ပြန်လည် သင့်မြတ်စေဖို့ အတင်းအကျပ် လုပ်ဆောင်တာကို ခရစ်တော်က အလိုတော် ရှိပါ့မလား။ တွန်းအားပေးလုပ်ဆောင်မှုတွေကို သူ့ရဲ့နာမတော်အတွက်၊ သူ့ရဲ့အလိုတော်အတိုင်း ဖြစ်တယ်လို့ ပြောလို့ ရပါ့မလား။ ဒီလိုဆိုရင်တော့ မေးခွန်းကြီးတစ်ခု မေးဖို့ လိုလာပါတယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟာ လူသားတွေရဲ့ နိုင်ငံတွေနဲ့ တူပါ့မလား။ ဘုရားသခင့် နိုင်ငံတော်ဟာ တွန်းအား(အာဏာ)နဲ့ အလုပ်လုပ်တဲ့ နိုင်ငံလား။ ဒါမှမဟုတ် သူ့ရဲ့ ပညတ်တော်နဲ့ စီမံအုပ်ချုပ်တာလား။ ပညတ်တော်ကို ကိုယ်တော်တိုင် အတည်ပြုခဲ့တာ ဖြစ်တဲ့အတွက် ဘုရားသခင်ရဲ့ ပညတ်တို့ဟာ ခေတ်နဲ့အညီ ကျွန်တော်တို့ရဲ့ ကိုယ်ကျိုး အတွက် ဆက်စပ်ပြောင်းလဲဖို့ ပေးခဲ့တာဟုတ်ပါ့မလား။

အပေါ်က ကိုးကားခဲ့တဲ့ Harper's မဂ္ဂဇင်းဆောင်းပါးကို ရေးသားတဲ့ စာရေးဆရာမ မက်ဂန်အိုဂီဘလီ[5]က ၂၀၀၀ ခုနှစ်အစောပိုင်းမှာ အထင်ကရ ကျမ်းစာကျောင်း Moody Bible Institute မှာ သီအိုလိုဂျီကို သင်ယူခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ သူမရဲ့

[5] Meghan O'Giebly

ယုံကြည်ခြင်းကို စွန့်လွှတ်ခဲ့တယ်။ ဘုရားသခင်ရဲ့ အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး သူမရဲ့ သံသယစိတ်တွေကို ဝမ်းနည်းစရာ ဖော်ပြပြီး သူမရဲ့ ဆောင်းပါးကို အဆုံးသတ်ခဲ့တယ်။

"ဒုသမ္မတအနေဖြင့် ကယ်တင်ရှင်နဲ့ ပတ်သက်သော ဓမ္မဟောင်းကျမ်းရှိ ကတိတော်များကို ကိုးကားပြောဆိုတတ်သော်လည်း ထိုကျမ်းချက်များသည် ရက်စက်ကြမ်းကြုတ်သော အကျင့်စာရိတ္တအပေါ် အခြေခံထားသည်ဖြစ်ရာ ခရစ်တော်၏ သင်ကြားချက်များနှင့် ဆက်စပ်ကြည့်ရန် ခက်ခဲပါသည်။ ဣသရေလတို့သည် သူတို့နှင့် ထိုက်တန်သော အပြစ်ပေးခြင်းဖြစ်စေ၊ လွှတ်မြောက်ခြင်းဖြစ်စေ ရရှိကြသော်လည်း အခြားလူမျိုးများမှာ ထိုသံသယာ၏ နစ်နာသူများဖြစ်လာရသည်။ ရက်ရက်စက်စက် အသတ်ခံရသော ဣသရေလတို့၏ ရန်သူများစွာ ရှိနေသည်။ ဘုရားသခင်က ယုဒလူမျိုးများအတွက် ရည်ရွယ်ထားသော နယ်မြေများစွာ နေထိုင်သူများ၊ ယုဒလူမျိုးများအတွက် အန္တရာယ်ရှိနိုင်သော များစွာသော ဘာသာခြား တိုင်းတစ်ပါးတို့သည် ဘုရားသခင့်ဒေါသ၏ သားကောင်များဖြစ်လာရသည်။ သူတို့၏ ကျဆုံးခန်းသည် ပုံပြင်ထဲတွင် "သူတို့သည် မိဒျန်တို့နေထိုင်ရာ သူတို့၏ တည်များ၊ မြို့အားလုံးကို မီးရှို့၊ ဖျက်ဆီးခဲ့ကြသည်" ဟူသော ဝါကျတစ်ကြောင်းသာ ပါလာတတ်သည်။ ကျွန်မ ကျမ်းစာကျောင်းနေစဉ်က ဤကဲ့သို့သော စာပိုဒ်များကို မမျှော်လင့်ဘဲ ဖတ်ရသောအခါ သံသယစိတ်ဖြင့် လုံးပန်းနေခဲ့ရသည့် အချိန်ကို သတိရပါသေးသည်။ လူအုပ်တစ်စု ကယ်တင်ခံရရန် အဘယ်ကြောင့် များစွာသော လူတို့သည် သေဆုံးရသည်ကို ကျွန်မ နားလည်နိုင်ဖို့ ကြိုးစားပြီးရင်း ကြိုးစားသော်လည်း အရာမရောက်ခဲ့ပေ။ အဘယ်ကြောင့် အရွေးချယ်ခံရသော လူတစ်စုနှင့် သူတို့ဘုရားသခင်အကြားတွင် ဖြစ်ပျက်သော ဇာတ်လမ်းတို့သည် ထိုမျှလောက် ရင်းနှီးပေးဆပ်မှုကြီးရသနည်း။"

ကျွန်တော်တို့တွေဟာ မိမိတို့ ကြည့်မြင်တဲ့အတိုင်း၊ စဉ်းစားတွေးမြင်တဲ့အတိုင်း ဖြစ်တည်ကြတယ်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့ ဘုရားသခင်အပေါ် လူတွေရဲ့ ကြောက်လန့်မှုဟာ ကမ္ဘာတစ်ခုလုံးကို စိုးမိုးလျှက် ရှိနေတယ်။ အဲဒီဘုရားသခင်ဟာ ဘယ်သူလဲ။ "ငါ့ကို မြင်သောသူသည် ငါ့ခမည်းတော်ကိုလည်း မြင်၏" ဆိုပြီး ယေရှုက ပြောခဲ့တဲ့ ဘုရားဖြစ်မလား။ ခမည်းတော်က ယေရှုနဲ့ တကယ်ပဲ တူသလား။ တကယ် တူတယ်ဆိုရင် ဓမ္မဟောင်းကျမ်းက အကြောင်းတွေကိုရော ဘယ်လိုရှင်းပြမလဲ။ 'အတ္တမဲ့မေတ္တာ' ဆိုတဲ့ စာအုပ်ကို ရဖို့ ကျွန်တော်တို့ကို ဆက်သွယ်လိုက်ပါ။ စာအုပ်ကို ဖတ်ချင်တဲ့သူ အားလုံးကို ကျွန်တော်တို့ အခမဲ့ပေးသွားမှာ ဖြစ်ပါတယ်။

## သာသနာပြုသူများနှင့် အင်ပါယာများ

တိုင်းတစ်ပါးကို သွားပြီး သာသနာပြုတဲ့ သူတွေအများစုဟာ အမေရိကန်ပြည်ထောင်စုက ဖြစ်ကြတယ်။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော်က ဂျော်ဒန်နိုင်ငံမှာ အာရပ်နှင့် အစ္စလာမ်ဘာသာရပ်တို့ကို လေ့လာခဲ့တယ်။ ဂျော်ဒန်နိုင်ငံဆိုတာဟာ အီရတ်နှင့် အစ္စရေးတို့ကြားရှိ အရှေ့အလယ်ပိုင်းဒေသက နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)က အရှေ့အလယ်ပိုင်းမှာ ဝင်ရောက်စွက်ဖက်မှုတွေကြောင့် ကျွန်တော်နှင့် ဂျော်ဒန်တက္ကသိုလ်မှာ တက်ရောက်တဲ့ အခြား အမေရိကန်တွေဟာ စီအိုင်အေရဲ့ ကိုယ်စားလှယ်တွေ၊ သူလျှိုတွေအဖြစ် မကြာခဏ စစ်ဆေးခြင်း၊ စွပ်စွဲခြင်း ခံခဲ့ကြရတယ်။ သာသနာပြုတဲ့ မစ်ရှင်နရီအများစုကလည်း သံသယမျက်လုံးနဲ့ စောင့်ကြည့်ခံခဲ့ကြတယ်။ ကမ္ဘာ့နိုင်ငံအများစုက သာသနာပြုသူတွေကို အနောက်နိုင်ငံတွေရဲ့ လွှမ်းမိုးအုပ်ချုပ်မှုအတွက် ရှေ့ပြေးတွေအဖြစ် မြင်ပြီး တားမြစ်ပိတ်ပင်ကြတယ်။ အကြောင်းကတော့ သူတို့တွေကို မိမိတို့ နိုင်ငံတော်ရဲ့ အချုပ်အချာအာဏာကို ထိပါးဆုတ်လျော့စေတဲ့ သူတွေအဖြစ် မြင်ကြတဲ့အတွက် ဖြစ်တယ်။ အိန္ဒိယနိုင်ငံသားတစ်ယောက် ရေးသားတဲ့ 'ဘာသာရေးစစ်ပွဲ'အမည်ရှိ ပြောက်မြောက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ကောက်နုတ်ထားတာ ဖတ်ကြည့်ပါ။

"စီအိုင်အေနှင့် အသင်းတော်ကြား ဆက်ဆံရေးဟာ ယူအက်စ်ဆီးနိတ်ရဲ့ ၁၉၇၅ ခုနှစ်ပါ ညွှန်ကြားခဲ့တဲ့ ထောက်လှမ်းရေးခေါင်းစဉ်တွေအနက် တစ်ခုအပါအဝင်ဖြစ်တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ လွှတ်တော်အမတ် ချာစ်ဖရင့် ဦးဆောင်တဲ့ အသင်းတော်ကော်မတီ အဖွဲ့အစည်းတစ်ရပ်က ပေါ်ပေါက်လာခဲ့တယ်။ ဒီအဖွဲ့အစည်းရဲ့ အစီရင်ခံစာအရ စီအိုင်အေက စစ်ဆင်ရေးမှာ တိုက်ရိုက်အသုံးပြုတဲ့ လျှို့ဝှက်အစီအစဉ်ပေါင်း ၁၄ ခုမှာ ပါဝင်တဲ့ အမေရိကန်ခရစ်ယာန်ဘုန်းကြီး (ဒါမှမဟုတ်) သာသာနာပြုဟန်ဆောင်သူ စုစုပေါင်း ၂၁ ဦးရှိကြောင်းကို သိရတယ်။ အဲဒီအစီရင်ခံစာအရ အဲဒီလူပုဂ္ဂိုလ်တွေထဲက အချို့ဟာ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လမှာ လှုပ်ရှားခဲ့ကြတယ်။ စီအိုင်အေရဲ့ တင်ပြချက်အရ သူတို့ကို သတင်းအချက်အလက် စုဆောင်းရေးအတွက်နှင့် အရေးကြုံလာရင် အခြားသူလျှိုတွေကို ကူညီဖွက်ဝှက်ပေးဖို့အတွက် တာဝန်ထမ်းဆောင်ဖို့ အသုံးပြုကြတယ်။"

အောက်မှာ အသင်းတော်ကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့ ကောက်နုတ်ချက်က အိန္ဒိယနိုင်ငံမှာ သာသနာပြုသူတွေကို ခွင့်ပြုခြင်းရဲ့ အန္တရာယ်ကို ဖော်ပြထားတယ်။

"စီအိုင်အေသည် ဘာသာရေးဝန်ထမ်းများကို လစာ၊ အပိုစု၊ ကုန်ကျစရိတ်များကို ပေးသည်သာမက သူတို့လုပ်ဆောင်သော ပရိုဂျက်များအတွက် အလှူငွေဖြင့် ကူညီပေးသည်။ အဲဒီပုဂ္ဂိုလ်အများစုမှာ လျှို့ဝှက်လုပ်ငန်းများအတွက် အသုံးပြုခံခဲ့ကြသည်။ ၁၉၆၀ ခုနှစ်များအတွင်း လုပ်ဆောင်သော လျှို့ဝှက်ချက်များတွင် အများအပြား ပါဝင်ကြသည်။ သူတို့သည် ကွန်မြူနစ်ဝါဒကို ကျင့်သုံးသော တတိယနိုင်ငံများနဲ့ ပြိုင်ဆိုင်ရာတွင် စီအိုင်အေ၏ အသုံးချခံများဖြစ်ကြသည်။"

လက်ရှိ ဆက်ဆံရေးအရ အန္တရာယ်အရှိဆုံးသူဟာ ကျောင်းသားတွေနှင့် နိုင်ငံတော်ရဲ့ ဘာသာရေးကို မထောက်ခံတဲ့ သူတွေထဲမှ သတင်းနှိုက်ပြီး စီအိုင်အေရဲ့ သတင်းပေးအဖြစ် လုပ်ဆောင်တဲ့ အမေရိကန်ဘုန်းကြီးတစ်ပါးလည်း ဖြစ်နိုင်တယ်။

အရင်က အမှုတွေထဲက နမူနာတစ်ခုမှာ စီအိုင်အေနှင့် အသင်းအုပ်ဆရာတွေရဲ့ လျှို့ဝှက်ဆက်ဆံရေးဖြစ်တယ်။ စီအိုင်အေက တတိယနိုင်ငံတစ်နိုင်ငံရှိ အသင်းတော်တစ်ခုရဲ့ အသင်းအုပ်ဆရာကို လျှို့ဝှက်လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် အသုံးပြုခဲ့ဖူးတယ်။ သူက လူသစ်စုဆောင်းသူ၊ သူလျှို ပျိုးထောင်သူ၊ အကြံပေးသူ၊ ရှာဖွေသူအဖြစ် ဆောင်ရွက်ရတယ်။ နိုင်ငံရေးဆိုင်ရာ သတင်းတွေနှင့် အရေးပါတဲ့ လူကြီးတွေရဲ့ သတင်းတွေကို စုဆောင်းပေးတယ်။ ပြီးတော့ သူက ပြည်တွင်း သတင်းစာတိုက်ရှိ စီအိုင်အေဝါဒဖြန့်သမားတွေဆီသို့ ပို့ပေးတယ်။

စီအိုင်အေရဲ့ ဖော်ပြချက်အရ အသင်းအုပ်ဆရာတွေကို စိစစ်ရာမှာ သူတို့နှင့် လူကြီးတွေရဲ့ကြားက ရေရှည်ဆက်ဆံရေး တည်မြဲမှုအပေါ် အခြေခံပြီး ရွေးချယ်ကြတယ်။ သူတို့ရဲ့ လက်အောက်မှာ အလုပ်လုပ်တဲ့ သူတွေကလည်း သူတို့နယ်ပယ်မှာ ထင်ရှား၊ ကျွမ်းကျင်တဲ့ သူတွေ ဖြစ်ကြတယ်။ အစပိုင်းမှာ အဲဒီအသင်းအုပ်ဆရာတွေအတွက် လက်ဆောင်တွေကို ရံဖန်ရံခါ ပေးခဲ့ကြပေမယ့် ဆယ်နှစ်ကျော် တာဝန် ထမ်းဆောင်ပြီးနောက်မှာတော့ စီအိုင်အေက လစာအဖြစ် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၁,၄၁၄ အထိ ပေးအပ်ချီးမြှင့်ခဲ့တယ်။

ဒီကိုးကားချက်မှာပါတဲ့ အမေရိကန်ဒေါ်လာ ၁၁,၄၁၄ ဆိုတဲ့ ပမာဏကို ကြည့်တဲ့အခါမှာ အဲဒီနိုင်ငံဟာ အိန္ဒိယနိုင်ငံဖြစ်နိုင်ကြောင်း အရိပ်အမြွက်ပေးနေပါတယ်။ အကြောင်းကတော့ အဲဒီခေတ်အခါက ငွေကြေးလဲလှယ်နှုန်းအရ အမေရိကန်ဒေါ်လာ ၁၁,၄၁၄ ဟာ ခန့်မှန်းခြေ ရူပီးငွေ တစ်သိန်းတင်းတင်း ရှိတယ်။ ဒီခန့်မှန်းချက်အတိုင်းဆိုရင် ၁၉၇၀ ခုနှစ်တွေမှာ ရူပီတစ်သိန်းဟာ အလွန်တရာ ကြီးမားတဲ့ ပမာဏဖြစ်တယ်။

စီအိုင်အေကို ဖွဲ့စည်းပြီး နောက်ပိုင်းမှာ ခရစ်ယာန်သာသနာပြုတွေက နိုင်ငံအများအပြားကို မတည်မငြိမ်ဖြစ်စေခြင်း၊ သူလျှိုအလုပ် လုပ်ဆောင်ခြင်း စတဲ့ လုပ်ငန်းတွေမှာ စီအိုင်အေ ကိုယ်စား အရေးပါတဲ့ အခန်းကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။
(http://indiafacts.org/religious-crusades-cia/)

ဒါတွေကို သိရတဲ့အခါ သူတို့က ခရစ်ယာန်တွေအပေါ် မယုံကြည်သင်္ကာမှု ကြီးမားကြတာဟာ အံ့သြစရာ မဟုတ်တော့ပါဘူး။ နိုင်ငံခြားမှာ သာသနာပြုသူတွေ၊ အထူးသဖြင့် အမေရိကန် (နှင့် နေတိုးရဲ့ မဟာမိတ်အဖွဲ့ဝင်နိုင်ငံတွေရဲ့) သာသနာပြုဆရာတွေက သတင်းကောင်း ဝေငှတဲ့အခါ အလွန် ခက်ခဲရခြင်းဟာ အဲဒီ အဖြစ်အပျက်တွေကြောင့်ပဲ ဖြစ်တယ်ဆိုတာ သိထားဖို့ လိုအပ်တယ်။ အမေရိကန်ဒေါ်လာဟာ တတိယနိုင်ငံတွေမှာ ငွေကြေးတန်ဖိုး ပမာဏကြီးပြီး စီအိုင်အေရဲ့ ဘတ်ဂျက်ကလည်း မကုန်ခမ်းနိုင်တော့ဘူး။

၁၉၇၇ ခုနှစ်မှာ စီအိုင်အေအနေနဲ့ ဂျာနယ်လစ်တွေနှင့် သာသနာပြုသူတွေကို အသုံးချခြင်းကို တားမြစ်ပိတ်ပင်တဲ့ ဥပဒေတစ်ခု ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမယ့် ၁၉၉၆ ခုနှစ်မှာတော့ တကယ်လို့ 'နိုင်ငံတော်ရဲ့ လုံခြုံရေးအတွက် ထူးခြားတဲ့ ခြိမ်းခြောက်မှု'မျိုးကို ကြုံလာရတယ်ဆိုရင် (ဒါမှမဟုတ်) သာသနာပြုမစ်ရှင်နရီအဖွဲ့ရဲ့ အကြီးအကဲတွေက ခွင့်ပြုထားတယ်ဆိုရင် အဲဒီဥပဒေကို ချိုးဖောက်ရာ မရောက်ဘဲ သာသနာပြုဆရာတွေကို သူလျှိုလုပ်ငန်းအတွက် တရားဝင်အသုံးပြုခွင့်ရှိတယ်ဆိုတာ သိလာခဲ့ကြတယ်။

(https://wapo.st/2wVm3P2)

မကြာသေးမီက ခရစ်ယာန်လူမှုဖွံ့ဖြိုးတိုးတက်ရေးကူညီမှုအသင်းက မြောက်ကိုးရီးယားမှာ သူလျှိုအဖြစ် စေလွှတ်ခံရတဲ့ သတင်းနှင့် ဗင်နီဇွဲလားနိုင်ငံမှ မောင်းထုတ်ခံရတဲ့ အဖွဲ့တစ်ဖွဲ့တို့အကြောင်း သတင်းတွေ တက်လာခဲ့တယ်။

Eastern University ၏ လူမှုရေးသိပ္ပံပညာ ဂုဏ်ထူးဆောင်ပရောဖက်ဆာလည်းဖြစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဧဝံဂေလိအသင်း၏ တည်ထောင်သူ၊ ဥက္ကဌလည်း ဖြစ်သူ တိုနီကမ်ပိုလိုကလည်း မကြာသေးမီက ထုတ်လွှင့်သော အင်တာနက် အသံဖိုင်တွင် "အမေရိကန်ပြည်ထောင်စုရှိ သာသနာပြုသူတွေမှာ စီအိုင်အေနဲ့ အလွန် နီးကပ်တဲ့ ဆက်ဆံရေး ရှိနေတယ်" ဟု ပြောခဲ့သည်။

"ဥပမာအနေနဲ့ သာသနာပြုတဲ့သူတွေ အမိနိုင်ငံ ပြန်လာတဲ့အခါ တကယ်လို့ သူတို့က ပါကိစ္စတန်၊ အာဖဂန်နစ္စတန်နိုင်ငံတွေမှာ သာသနာပြုတဲ့ သူတွေဆိုရင် စီအိုင်အေက ဝါရှင်တန်ကို ခေါ်ပြီပဲ"ဟု ကမ်ပိုလိုက RedLetterChristians.org တွင် ထုတ်လွှင့်သော အသံဖိုင်တွင် ပြောကြားခဲ့သည်။ မကြာခဏဆိုသလိုပဲ သာသနာပြုသူ တွေကလည်း ဝါရှင်တန်ကို သွားပြီး အစီရင်ခံစာ တင်ရတော့သည်။ သင် အလုပ်လုပ်တဲ့ နေရာ၊ ဒါမှမဟုတ် ကျေးရွာရဲ့ ခေါင်းဆောင်က ဘယ်သူလဲ။ အဲဒီက အသင်းတော်မှာ ရှိတဲ့ လူတွေရဲ့ အမေရိကန်နိုင်ငံအပေါ် သဘောထားက ဘယ်လို ရှိသလဲ စသဖြင့် ရေးသားတင်ပြခဲ့ကြရသည်။
[https://baptistnews.com/article/campolo-says-us-missionaries-too-close-to-cia/#.W44Ess4zZJw](https://baptistnews.com/article/campolo-says-us-missionaries-too-close-to-cia/#.W44Ess4zZJw)

သာသနာပြုတွေ ကိုယ်တိုင်လည်း သူတို့ဟာ စီအိုင်အေနဲ့ အလုပ်လုပ်ဖို့ သွားတာလား၊ တကယ် သာသနာပြုဖို့ သွားတာလားဆိုတာ ပြန်ပြန်ပြီး သတိချပ်နေကြဟန်တူပါတယ်။ စီအိုင်အေကလည်း သူတို့ အလုပ်အဆင်ပြေစေဖို့ ဆုပေးဒဏ်ပေးစနစ် အသုံးပြုမယ်ဆိုတာ ကျိန်းသေဖြစ်တယ်။ တကယ့် မေးခွန်းက သာသနာပြုသူတွေအနေနဲ့ စီအိုင်အေရဲ့ လက်အောက်ခံအဖြစ် အလုပ်လုပ်တာကို ပြဿနာမရှိသလို ဘာကြောင့် ခံယူနိုင်ရတာလဲ။ အမေရိကန်နိုင်ငံဟာ အသင်းတော်နှင့် အစိုးရတို့ရဲ့ ခွဲခြားမှုကြောင့် ဖြစ်တည်လာတဲ့ နိုင်ငံဖြစ်တယ်။ ဒါပေမယ့် အခုချိန်မှာတော့ အစိုးရအကျိုးအတွက် အသင်းတော်ကို အသုံးပြုပြီး အသင်းတော်ကလည်း သူ့အကျိုးအတွက် အစိုးရကို အသုံးပြုနိုင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိစေမယ့် သီအိုလိုဂျီတစ်ခုကို ဖန်တီးလာကြမယ်ဆိုတာ မလွဲဖြစ်တယ်။ ဒီအချက်က ခရစ်ယာန်သမိုင်းမှာ အသစ်အဆန်းတော့ မဟုတ်ဘူး။ အမှန်မှာ ရှေးဟောင်းရောမအင်ပါယာရဲ့ စရိုက်လက္ခဏာအားလုံးကို မွေးစားကျင့်သုံးလာတဲ့ အမေရိကန်က ရောမအင်ပါယာလိုမျိုး ဘာသာရေးနှင့် နိုင်ငံရေးကို ပူးပေါင်းခြင်းလမ်းကြောင်းအပေါ် ဆိုက်ရောက်နေပြီဖြစ်တယ်။

"ဖြစ်ဖူးသောအရာသည် ဖြစ်လတ္တံ့သောအရာနှင့် တူ၏။ ယခုပြုသောအမှုသည် ပြုလတ္တံ့သောအမှုနှင့် တူ၏။ နေအောက်မှာ အသစ်သော အမှုအရာမရှိ။" (ဒေသနာကျမ်း ၁: ၉)။

## ကွန်စတန်းတင်းနှင့် ထရမ့်

အေဒီ ၃၁၃ ခုနှစ်မှာ ခရစ်ယာန်တွေအပေါ် ညှင်းပန်းနှိပ်စက်မှုတွေကို ရပ်တန့်ခဲ့တဲ့ ရောမဧကရာဇ် ကွန်စတန်းတင်းကို သင် ဘယ်လိုမြင်ပါသလဲ။ ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သူ ပြောင်းလဲခဲ့တယ်။ သူဟာ ပထမဆုံးသော ခရစ်ယာန်ဧကရာဇ်တစ်ပါး ဖြစ်လာခဲ့တယ်။ ဒါဟာ ကောင်းတဲ့ အရာလား၊ ဆိုးတဲ့ အရာလား။ ဒီအကြောင်းအရာအပေါ် သင့် နားလည်ထားတဲ့ပုံက ဓဝံဂေလိသတင်းကောင်း၊ ဥပဒေနှင့် သမိုင်းအကြောင်းတို့ကို သင် ဘယ်လိုနားလည်လဲဆိုတာ ဖော်ပြလိမ့်မယ်။ တကယ်လို့ ကွန်စတန်းတင်းနှင့် ထရမ့်အကြောင်းကို ဂူးဂဲလ်မှာ ရှာကြည့်တယ်ဆိုရင် အဲဒီခေါင်းဆောင်နှစ်ဦးတို့မှာ ဆက်စပ်မှုရှိတဲ့ ခေါင်းဆောင်တွေ ဖြစ်တယ်ဆိုပြီး ရေးသားထားတဲ့ ဆောင်းပါးနှစ်ပုဒ်ကို တွေ့ရလိမ့်မယ်။ ဒါပေမယ့် ဆောင်းပါးတစ်ပုဒ်က အဲဒါဟာ ကောင်းတဲ့ အချက်အဖြစ်မြင်ပြီး နောက်တစ်ပုဒ်ကတော့ မကောင်းတဲ့ အချက်အဖြစ်မြင်တယ်။

အဲဒါ ကောင်းတယ်လို့ မြင်တဲ့ သူရဲ့ ရေးသားချက်မှာ -

> "ခရစ်ယာန်တွေဟာ လွတ်လပ်စွာ စကားပြောဆိုခွင့် မရှိကြဘူး။ ဘာသာရေး လွတ်လပ်ခွင့်က တိုက်ခိုက်ခံနေရတယ်။ လူ့အသိုင်းအဝိုင်းဟာ ပစ္စည်းဥစ္စာကို တပ်မက်ပြီး ကိုယ်ကျင့်တရားပျက်ယွင်းမှုတွေနဲ့ ပြည့်နှက်နေတယ်။ အနောက်နိုင်ငံတွေရဲ့ လူမှုဖွံ့ဖြိုးတိုးတက်မှုက အတွင်းအပြင်က လာတဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်။ အခု ကြည့်ရသလောက်တော့ ပေါ်ထွန်းလာတဲ့ လူသန်ခေါင်းဆောင်ဟာ သူတော်ကောင်းမဟုတ်ဘူး။
>
> ဒီလိုရေးလိုက်တော့ ၂၀၁၆ ခုနှစ် အမေရိကန်နိုင်ငံအကြောင်းတွေကို တွေးမိကြမလား။ ကျွန်တော် ဆိုလိုတဲ့ နိုင်ငံက အမေရိကန်ပြည်ထောင်စုကို မဟုတ်ဘူး။ အေဒီ ၃၁၂ နှစ်က ရောမနိုင်ငံဖြစ်တယ်။ အဲဒီခေါင်းဆောင်ဟာ ရောမအင်ပါယာအရှင်တစ်ပါး ဖြစ်လာနိုင်ဖို့ ကြိုးစားနေတဲ့ ကွန်စတန်းတင်းဖြစ်တယ်။ သူဟာ အားနည်းချက်များစွာ

ရှိတဲ့ သူဖြစ်တယ်။ မိဖုရား အများအပြားရှိပြီး အဲဒီမိဖုရားတွေထဲက တစ်ပါးကို ကိုယ်တိုင် သတ်ဖြတ်ခဲ့ဖူးသူဖြစ်တယ်။ သူဟာ အလွန် ရည်မှန်းချက်ကြီးသူဖြစ်တယ်။ စာနာစိတ်မရှိတဲ့ စစ်ဗိုလ်ချုပ်ကြီးနှင့် နိုင်ငံရေးသမားတစ်ဦးလည်း ဖြစ်တယ်။ ဒါပေမယ့် သူက ရှင်ပေါလုလိုမျိုး အတွေ့အကြုံရှိခဲ့သူလည်း ဖြစ်တယ်။ သူဟာ ဗျာဒိတ်တော် တစ်ခုကို မြင်ခဲ့ပြီးနောက်မှာ ခရစ်ယာန်တစ်ဦးဖြစ်လာခဲ့တယ်။ အဲဒီနောက်မှာ သူ့ရဲ့ ရန်သူတွေကို ချေမှုန်းနိုင်ခဲ့ပြီး ရောမအင်ပါယာကြီးရဲ့ အရှင်သခင်ဖြစ်လာခဲ့တယ်။

ကွန်စတန်းတင်းက ရောမအင်ပါယာကို ကယ်တင်ခဲ့ရုံမက ခရစ်ယာန်ဘာသာ ကိုလည်း လွတ်လပ်ခွင့်ပေးခဲ့တယ်။ အေဒီ ၃၁၃ ခုနှစ်မှာ သူက မီလန်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ခရစ်ယာန်တွေအတွက် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ကို ပြုခဲ့တယ်။ အဲဒီအချိန်ကစပြီး အများပြည်သူပိုင်နေရာတွေမှာ ခရစ်ယာန်ဘာသာကို လွတ်လပ်စွာ ကျင့်သုံးခွင့် ရလာခဲ့ကြတယ်။ သူတို့က ရောမအင်ပါယာရဲ့ နယ်မြေဆုံးစွန်အထိ ခရစ်ယာန်သတင်းစကားကို ဝေမျှသက်သေခံခွင့်ကို ရပြီး နတ်ကိုးကွယ်မှုကို ခရစ်ယာန်ဘာသာနဲ့ တွန်းလှန်နိုင်ခဲ့ကြတယ်။

ကွန်စတန်းတင်းကိုယ်တိုင်ကတော့ စံပြပုဂ္ဂိုလ်တစ်ပါးမဖြစ်ခဲ့ပေမယ့် လူ့အသိုင်းအဝိုင်း ရဲ့ ဖိအားပေးလွှမ်းမိုးမှုတွေကြားမှာ ခရစ်ယာန်တွေအတွက် လွတ်လပ်တဲ့ ပတ်ဝန်း ကျင်တစ်ခုကို ပေးသွားနိုင်ခဲ့တယ်။ ရှေးဦးခရစ်ယာန်တွေက လူမှုအသိုင်းအဝိုင်းကို ဩဇာလွှမ်းမိုးနိုင်စွမ်း ရှိခဲ့ကြတယ်။ သူတို့ လိုအပ်တဲ့ အရာဟာ ရှင်ဘုရင်တွေဆီက ဘာသာရေးလွတ်လပ်ခွင့် ဖြစ်တယ်။

၂၀၁၆ ခုနှစ်အကြောင်းကို စဉ်းစားကြည့်ရင် ဆက်စပ်တဲ့ အကြောင်းအရာများစွာ ကျွန်တော်တို့ တွေ့နိုင်တယ်။ အနောက်နိုင်ငံတွေရဲ့ လူမှုအသိုင်းအဝိုင်းက ပြဿနာ ပေါင်း သောင်းခြောက်ထောင်နဲ့ ပြည့်နှက်နေတယ်။ အဲဒီလို ပြဿနာတော်တော်များ များအတွက် ကွန်ဆာဗေးတစ်ခရစ်ယာန်တွေမှာ အဖြေရှိကြပေမယ့် အားကောင်း နေတဲ့ နိုင်ငံရေးဆိုင်ရာ အမြင်အယူသီးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ မှာ့စ်ဝါဒတို့ကြောင့် အများပြည်သူပိုင်နေရာတွေမှာ သတင်းစကားအကြောင်းကို လွတ်လပ်စွာ မပြောဆို နိုင်ခဲ့ကြဘူး။

ဒါဟာ ကွန်ဆာဗေးတစ်ခရစ်ယာန်တွေမှာ ပြင်းပြတဲ့ စိတ်ဆန္ဒမရှိလို့ မဟုတ်ဘူး။ ဝေဖန်ဆန့်ကျင်သူတွေကို ကောင်းစွာ တုံ့ပြန်ဖြေကြားနိုင်ခြင်း မရှိလို့လည်း မဟုတ်ဘူး။ သူတို့ လိုအပ်တဲ့ အရာဟာ လူမှုပြဿနာရပ်တွေကို ပွင့်လင်းလွတ်လပ်စွာ ပြောဆိုခွင့်ရှိဖို့ ဖြစ်တယ်။ လောကီအပိုင်းမှာ တိုးတက်ပြောင်းလဲရေးဝါဒသမားတွေရဲ့ ရန်လိုမှု၊ ဆဲရေးပြောဆိုမှုတွေ မရှိဘဲ လွတ်လပ်စွာ ဟောပြောနိုင်ခွင့်ကို သူတို့ လိုအပ်ကြတယ်။ ဒေါနယ့်ထရမ့်ဟာ အဲလိုမျိုး လွတ်လပ်ခွင့်ကို ပေးနိုင်မယ့် တစ်ဦးတည်းသောသူ ဖြစ်တယ်။”

https://www.mercatornet.com/articles/view/is-trump-the-new-constantine/17800

အဲဒီအချိန်ကာလတွေဟာ အမှန်တကယ်ပဲ ခက်ခဲတဲ့ အချိန်ကာလတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ လိုအပ်တဲ့ အရာအတွက် ခေါင်းဆောင်တစ်ဦးကို ကျွန်တော်တို့ အပေါ် လုံးလုံးလျားလျား အုပ်စိုးခွင့် ပေးသင့်သလား။ ခရစ်ယာန်တစ်ဦးအနေနဲ့ မိမိတို့ရဲ့ လုံခြုံရေးအတွက် မိမိတို့ရဲ့ အသိစိတ်ကို စွန့်လွှတ်ပြီး အစိုးရထံ ပုံအပ်ခြင်းဟာ မှန်ကန်တဲ့ လုပ်ရပ်ဖြစ်နိုင်မလား။ လုံခြုံမှုနဲ့ လွတ်လပ်မှုတို့မှာ ဘယ်အရာက ပိုအရေးကြီးသလဲ။ ယခုခေတ် လူအများစုက ၁၉၀၀ ခုနှစ် အစောပိုင်းမှာ ပေါ်ထွန်းလာတဲ့ ဖက်စစ်ဝါဒ အကြောင်းကို နားမလည်နိုင်ကြတော့ဘူး။ အဲဒီခေတ်တုန်းကဆိုရင် ဒီမိုကရေစီစနစ်ကို မထိရောက်၊ ခရီးမရောက်တဲ့ စနစ်အဖြစ် မြင်ခဲ့ကြတယ်။ ယခုလည်း အတူတူပဲဖြစ်တယ်။ ဒီမိုကရေစီစနစ်ဟာ ကျွန်တော်တို့ အနာဂတ်ကို ဖျက်ဆီးတော့မယ့် အခက်အခဲ၊ ပြဿနာတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးဆိုပြီး မြင်လာကြတဲ့အတွက်ကြောင့် ဖြစ်တယ်။ ပထမဝေဖန်သူက ခရစ်ယာန်ဘာသာကို ကယ်တင်ဖို့ ကွန်စတန်းတင်းဟာ မရှိမဖြစ် လိုအပ်တယ်လို့ သုံးသပ်ပြသွားခဲ့တယ်။ ဒီလိုမျိုး လူသားအာဏာရှင်တွေရဲ့ အုပ်စိုးမှုကို လက်ခံခြင်းဟာ “ယေရှုကလည်း ကဲသာဘုရင်၏ ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ ဥစ္စာကိုကား ဘုရားသခင်အား ဆက်ပေးကြလော့” (ရှင်မာကု ၁၂: ၁၇) ဆိုတဲ့ ယေရှုရဲ့ သဘောတော်ဖြစ်နိုင်ပါ့မလား။

ကွန်စတန်းတင်းနှင့် ထရမ့်တို့ကို နှိုင်းယှဉ်တဲ့ ဒုတိယစာရေးဆရာရဲ့ လုံးဝ ခြားနားတဲ့ အနက်ဖွင့်ဆိုချက်ကို သတိပြုကြည့်ပါ။

"ခရစ်ယာန်ဘာသာဖွံ့ဖြိုးတိုးတက်မှုက ပြင်းထန်တဲ့ တိုက်ခိုက်မှုကို ကြုံတွေ့နေရတဲ့ အချိန်မှာ ထရမ့်ကလည်း အမေရိကန်ပြည်ထောင်စုရဲ့ အာဏာပလ္လင်အပေါ်မှာ ပေါ်ထွန်းလာခဲ့တယ်။
အစွန်းရောက်တဲ့ အစ္စလာမ်တို့က ကမ္ဘာပေါ်ရှိ ခရစ်ယာန်တွေ၊ ဂျူးလူမျိုးတွေနှင့် အခြားလူနည်းစုတွေအပေါ် သူတို့ရဲ့ ဆိုးသွမ်းတဲ့ အမုန်းတရားကို လွှတ်ထုတ်လျက်ရှိကြတယ်။ တချိန်တည်းမှာ လောကီရေးရာ လူသားဝါဒီတွေက အနောက်နိုင်ငံတွေမှာ သမ္မာကျမ်းစာအပေါ် ယုံကြည်မှုတွေကို နိမ့်ပါးစေခဲ့ကြတယ်။ ဒါပေမယ့် ထရမ့်ရဲ့ ထူးခြားတဲ့ အောင်မြင်မှုက စာတန်မာရ်နတ်ရဲ့ ရက်စက်ကြမ်းတမ်းတဲ့ အဲဒီတိုက်ခိုက်မှုနှစ်မျိုးကို ပြန်လည်တွန်းလှန်နိုင်လိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်အသစ်ကို ယူဆောင်လာပေးခဲ့တယ်။ ပြီးတော့ သူ့ကြောင့် နှစ်ပေါင်းများစွာ နိမ့်ပါးကျဆင်းနေတဲ့ သမ္မာကျမ်းစာဆိုင်ရာ ယုံကြည်မှုကျင့်ဝတ်တွေဟာ နိုင်ငံရေးအာဏာနဲ့ ပြန်လည်ကျင့်သုံးလာနိုင်တော့မှာ ဖြစ်တယ်။ တကယ့် လက်တွေ့မှာတော့ အဲဒီလို ပြန်လည်ကောင်းမွန်လာခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် သူဟာ ယုံကြည်ခြင်းအတွက် အောင်နိုင်သူအဖြစ် ကြေညာခြင်းခံခဲ့ရတယ်။ ကွန်စတန်းတင်း လိုမျိုးပဲ သူ့ရဲ့ ယုံကြည်မှုက စစ်မှန်သည်၊ မမှန်သည်ကို မေးခွန်းထုတ်စရာ ဖြစ်နေပေမယ့် ချီးမွမ်းခြင်းကို ခံခဲ့ရတယ်။"

ဒီအချက်က ကျွန်တော့်ကို စိတ်ထင့်စရာ နှိုင်းယှဉ်မှုတစ်ခုကို တွေးတောမိစေခဲ့တယ်။

သူတို့နှစ်ဦးက အာဏာရရှိချိန်မှာ သူတို့ကမ္ဘာရဲ့ ကောင်းစားရေး၊ တိုးတက်ရေးအတွက် ခြိမ်းခြောက်နေတဲ့၊ စိတ်ဝမ်းကွဲသွားစေနိုင်တဲ့ အခြေအနေကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြတယ်။ ကွန်စတန်းတင်အချိန်မှာဆိုရင် သီအိုလိုဂျီပိုင်းဖြစ်တဲ့ 'ခရစ်တော်ရဲ့ ဘုရားဖြစ်ခြင်း'အပေါ် အချေအတင် ငြင်းခုံကြတယ်။ ထရမ့် ရင်ဆိုင်ရတဲ့ အရာကတော့ အစ္စရေးနှင့် ပါလက်စတိုင်းတို့ရဲ့ အရေးကိစ္စဖြစ်တယ်။ ကွန်စတန်းတင်းက သူ့ပြဿနာကို ဘယ်လိုဖြေရှင်းခဲ့လဲဆိုတာ ကျွန်တော်တို့ သိကြတယ်။ အေဒီ ၃၂၅ ခုနှစ်မှာ တူနီးရှားက ခရစ်ယာန်ဂိုဏ်းပေါင်းစုံအစည်းအဝေး

(ဒါမှမဟုတ်) ကောင်စီကို ကျင်းပပြီး အင်ပါယာအတွင်းရှိ ခရစ်ယာန်ခေါင်းဆောင်အားလုံးကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့တယ်။ သူ့အနေနဲ့ အယူအဆကွဲပြားမှုစစ်ထိုးပွဲမှာ ဒိုင်တစ်ဦးအနေနဲ့သာ ရပ်တည်မှာဖြစ်ကြောင်း ကတိပေးကြေညာသွားခဲ့တယ်။ ဒါပေမယ့် လက်တွေ့မှာတော့ အဲလိုမဟုတ်ခဲ့ဘူး။

သမိုင်းမှာ မှတ်တမ်းတင်ထားချက်အရ ကွန်စတန်းတင်းဟာ ခရမ်းရောင်အဝတ်ကို ဝတ်ဆင်ပြီး ရွှေကုလားထိုင်ပေါ်မှာ ထိုင်လျှက် ကောင်စီကို ကြီးကြပ်စီမံတယ်လို့ ဖော်ပြထားတယ်။ ရွှေ၊ ကျောက်မျက်ရတနာတို့နဲ့ ဖုံးအုပ်ထားတဲ့ ဘုရားသခင်ရဲ့ ကောင်းကင်တမန်နဲ့ တူနေတယ်။ (Glory to God in the Highest, Joel Hemphill,

p. 414)။ သူက သူ့ရဲ့ တော်ဝင်ဂုဏ်အသရေနဲ့ ခန့်ညားထည်ဝါစွာ ထိုင်ပြီး ခရစ်ယာန်အားလုံး လိုက်နာကျင့်သုံးရမယ့် သီအိုလိုဂျီနဲ့ ဆိုင်တဲ့ ဖြေရှင်းချက်တစ်ခုကို သဘောတူလက်ခံဖို့ ဖိအားပေးခြိမ်းခြောက်ခဲ့တယ်။ အမေရိကန်ပညာရေးဆိုင်ရာ စွယ်စုံကျမ်းမှာ ရေးသားချက်အရ အဲဒါဟာ သူ့အနေနဲ့ တရားဝင်ကျေအေးစေဖို့ ဘုရင့်အာဏာကို အသုံးပြုတဲ့ ပထမဦးဆုံးအကြိမ်ဖြစ်တယ်။

နောက်ဆက်တွဲ အဖြစ်အပျက်တွေကို ကျွန်တော်တို့ သိကြပါတယ်။ ခရစ်ယာန် အစိုးရခေါင်းဆောင်တွေနှင့်အတူ အစိုးရအာဏာနဲ့ အကျပ်ကိုင် သွတ်သွင်းတဲ့ ယုံကြည်ချက်တွေကို ဖန်တီးခြင်းအားဖြင့် လောကအာဏာနဲ့ အသင်းတော်အာဏာ တို့ဟာ ပေါင်းစပ်သွားကြတယ်။ ဘုရားတရားနဲ့ မကိုက်ညီတဲ့ အဲဒီပေါင်းစပ်မှုမှ ယုံကြည်သူတွေကို လွတ်မြောက်စေဖို့အတွက် အမေရိကန်တော်လှန်ရေးဟာ နောင်နှစ်ပေါင်း ၁၄၀၀ အကြာမှ ပေါ်ပေါက်လာခဲ့တယ်။”


[http://www.israeltoday.co.il/NewsItem/tabid/178/nid/31431/Default.aspx](http://www.israeltoday.co.il/NewsItem/tabid/178/nid/31431/Default.aspx)

အဲတော့ အသင်းတော်နှင့် အစိုးရတို့ဟာ ပူးပေါင်းသင့်သလား။ ပထမတစ်ယောက်က မကောင်းမှုကို အောင်နိုင်ဖို့အတွက် အသင်းတော်နဲ့ အစိုးရတို့ ပူးပေါင်းသင့်တယ်လို့ ခံယူထားတယ်။ ဒုတိယတစ်ယောက်ကတော့ အသင်းတော်နှင့် အစိုးရတို့ရဲ့ ပူးပေါင်းခြင်းဟာ မကောင်းမှုအစဖြစ်တယ်လို့ ခံယူထားတယ်။ ဘုရားသခင်က ခေါင်းဆောင်တွေကို ရွေးချယ်ခန့်အပ်ခဲ့သလား၊ ဒါမှမဟုတ် ကျွန်ုပ်တို့က သူတို့ကို ဆန့်ကျင်သင့်သလား။ ဘာသာရေးကိစ္စတွေမှာ အာဏာပြလိုတဲ့ ခေါင်းဆောင်တွေနဲ့ ကျွန်တော်တို့ ကိုဘယ်လို ဆက်ဆံရမလဲ။ ဒီလိုမေးခွန်းတွေဟာ ခရစ်ယာန်တွေကို ရာစုနှစ်များစွာ ခြောက်လှန့်နေတဲ့ မေးခွန်းတွေဖြစ်တယ်။ အဖြေက ဘုရားသခင်ရဲ့ နိုင်ငံတော်အကြောင်း၊ သူ့ရဲ့အုပ်ချုပ်မှု စနစ်နှင့် သူ့ရဲ့ ပညတ်တော်အကြောင်းတို့ကို ကျွန်တော်တို့ရဲ့ နားလည်မှုပုံစံအပေါ် မူတည်နေပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ဘုရားသခင်ရဲ့ တည်ရှိခြင်းကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ အမြင့်ဆုံးသော အခွင့်အာဏာပိုင်ရှင်ဖြစ်တဲ့ ဘုရားသခင်အပေါ်

အမြင်က ဩဇာအာဏာစက်ဆိုတဲ့ စကားလုံးအပေါ် ဘယ်လိုမြင်သလဲဆိုတာကို ပုံဖော်သွားတယ်။

## နာဇီဂျာမဏီလက်ထက်က အသင်းတော်နှင့် အစိုးရ




၁၉၃၃ ခုနှစ် ဝါဒဖြန့်ပိုစတာတွင် "ဟစ်တလာ၏ တိုက်ပွဲနှင့် လူးသာ၏ သင်ကြားမှုများသည် ဂျာမဏီပြည်သူလူထုအတွက် အကောင်းဆုံးသော ခုခံမှုဖြစ်သည်" ဟု ရေးသားထားသည်။

(Facing History and Ourselves)

တချိန်တည်းတွင် အမေရိကန်နိုင်ငံတွင်မူ ထိုပိုစတာကို ဂျာမဏီနိုင်ငံသည် ခရစ်ယာန်ဘာသာကို ဆန့်ကျင်သောနိုင်ငံဖြစ်သည်ဟူသော စွပ်စွဲချက်အတွက် အသုံးပြုကြပြန်သည်။ ယနေ့ ခရစ်ယာန်ဘာသာ တိုက်ခိုက်ခံနေရသည်ဟု အများစု ပြောနေကြသည့် စကားကို ကျွန်တော်တို့ သဘောပေါက်ပြီလား။

(Hoover Institution Laibrary & Archieves)

အသင်းတော်နှင့် အစိုးရတို့ရဲ့ ပူးပေါင်းမှုအကြောင်း လေ့လာဖို့ ကွန်စတန်းတင်းခေတ်ကို ကျွန်တော်တို့ ပြန်သွားဖို့ မလိုပါဘူး။ ကျွန်ုပ်တို့ လေ့လာလို့ ရတဲ့ မကြာသေးမီက အဖြစ်အပျက်တွေ ရှိပါတယ်။ နာဇီဂျာမဏီအကြောင်းကို ပြောရခြင်းဟာ ဂျာမဏီနိုင်ငံကို တိုက်ခိုက်ချင်လို့ မဟုတ်ပါဘူး။ ကျွန်ုပ်တို့က ဂျာမန်တွေထက် ပိုမိုဖြောင့်မတ်တယ်ဆိုပြီး ပြောချင်တာလည်း မဟုတ်ပါဘူး။ လက်တွေ့မှာ သူတို့ရဲ့ အခြေအနေဟာ ကျွန်တော်တို့ရဲ့ အခြေအနေနဲ့ များစွာ ဆင်တူနေပါတယ်။ ဒါကြောင့် ဂျာမဏီနိုင်ငံကို သမိုင်းမှာ လေ့လာဖို့ အရေးကြီးတဲ့ နိုင်ငံအဖြစ် သတ်မှတ်ရခြင်း ဖြစ်ပါတယ်။ ၁၉၀၀ ခုနှစ် အလယ်ပိုင်းမှာဆိုရင် ဂျာမဏီနိုင်ငံဟာ ကမ္ဘာပေါ်က အတိုးတက်ဖွံ့ဖြိုးဆုံး၊ ယဉ်ကျေးမှုအရှိဆုံး၊ ပညာအတတ်ဆုံးသော နိုင်ငံဖြစ်ခဲ့တယ်ဆိုတာ ငြင်းမရပါဘူး။ သူတို့ဟာ အလွန် ခေတ်မီတိုးတက်ပြီး အရည်အချင်းနဲ့ ပြည့်ဝတဲ့အတွက် အစိုးရယန္တရား လည်ပတ်မှုက ကောင်းမွန်အားကြီးပြီး နောက်ဆုံးမှာ ဖိနှိပ်ချုပ်ချယ်လွန်းတဲ့ အုပ်ချုပ်ရေးစနစ် လုံးလုံးကြီး ဖြစ်လာတော့တယ်။ အဲဒီအုပ်ချုပ်ရေးစနစ်က ဖက်ဆစ်ဝါဒရဲ့ စံပြဖြစ်လာခဲ့တယ်။ ပုဂ္ဂလိကပိုင်လုပ်ငန်း၊ ဘာသာရေး၊ ဖျော်ဖြေရေး လုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းတို့ အားလုံးက အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားအောက်မှာ ထိထိရောက်ရောက် အလုပ်လုပ်နေကြတယ်။

ဂျာမဏီနိုင်ငံဟာ အဲဒီအချိန်တုန်းက ခြိမ်းခြောက်မှုခံနေရတယ်လို့ သူ့ကိုယ်သူ မြင်ပြီး ၎င်းရဲ့ နိုင်ငံ့ဂုဏ်သိက္ခာနှင့် ရပ်တည်မှုကို နိုင်ငံ့အတွင်း-အပြင်ရန်သူတွေက နှောင့်ယှက်တားဆီးနေကြတယ်လို့ သူတို့က ခံယူခဲ့ကြတယ်။ သူတို့အမြင်ခံယူချက်ဟာ အမြင်သက်သက်သာဖြစ်စေ၊ တကယ့် အမှန်တရားဖြစ်စေ နိုင်ငံ့လုံခြုံမှုတိုးမြှင့်ရေးအတွက် အပြင်းအထန် ကြိုးစားပြီး အကောင်အထည်ဖော်လာကြတယ်။ ပြောင်မြောက်တဲ့ မဟာဗျူဟာနဲ့ အဲဒီအကွက်ထဲသို့ တနိုင်ငံလုံးကို ထိုးဆင်းဖို့ အကွက်ဆင်လိုက်ကြတယ်။ အကျပ်အတည်းကြုံလာတဲ့အခါမှာ နိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုတွေဟာ မျှော်လင့်သလို ဖြစ်မလာ၊ မီဒီယာတွေကလည်း အမှန်တရားကို ဖော်ပြဝံ့တဲ့ သတ္တိမရှိ၊ ပြည်သူလူထုကလည်း အစိုးရရဲ့ ဦးဆောင်မှုနောက်သို့ လုံးလုံး လိုက်လာကြတယ်။ ဒီလိုအချိန်မှာ ကိုယ်ကျင့်တရားရဲ့ ပြယုဂ်ဖြစ်သင့်တဲ့ အသင်းတော်တွေကလည်း အစိုးရရဲ့ အကွက်ချမှုကို စိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြတယ်။ ဘုရားသခင်က နိုင်ငံရေးစက်ဝန်းမှာ ဘယ်လိုအလုပ်လုပ်သလဲဆိုတဲ့ အာဏာစက်အကြောင်းနဲ့ ပတ်သက်ပြီး သူတို့ရဲ့ နားလည်မှုကို အခြေခံပြီး သူတို့ကလည်း သွေးဆောင်အားကောင်းပြီး အလွန်အမင်း ထိရောက်တဲ့ ပါဝါသစ်အပေါ်မှာ နစ်မွန်းသွားခဲ့ကြတယ်။

နာဇီအစိုးရအနေဖြင့် ဂျာမဏီနိုင်ငံရှိ ပရိုတက်စ်တင့်အသင်းတော်များတွင် အဓိကကျသော ပြောင်းလဲမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ဦးစွာ နာဇီခေါင်းဆောင်များသည် ခရစ်ယာန်ဘာသာနှင့် နယ်ရှင်နယ်ဆိုရှယ်လစ်ဝါဒီများကို ပူးပေါင်းလိုသည့် ပရိုတက်စတင့်အုပ်စု တစ်စုဖြစ်သည့် ဂျာမန်ခရစ်ယာန်လှုပ်ရှားမှုအဖွဲ့ကို အားပေးထောက်ပံ့ပေးခဲ့သည်။ ထိုပူးပေါင်းလှုပ်ရှားမှုသည် "သွေးနှောသည်ဟု ယူဆထားသောသူများကို ဖယ်ကြဉ်ပြီး တတိယဂျာမန်အင်ပါယာအတွက် ဝိညာဉ်ရေးဌာနေမြေတစ်ခုမှာ 'စစ်မှန်သော ဂျာမန်လူမျိုးများ'ကို ဖက်တွယ်လိုခဲ့ကြသည်။

ဒုတိယအချက်အနေဖြင့် နာဇီခေါင်းဆောင်များက ဒေသအမျိုးမျိုးရှိ ပရိုတက်စတင့်အသင်းတော်အားလုံးကို လုဒရစ်မူးလာ[6]၏ ဗဟိုချုပ်ကိုင်သည့် ခေါင်းဆောင်မှုအောက်တွင် ပေါင်းစည်းပြီး နိုင်ငံတော်၏ အသင်းတော်အဖြစ် လုပ်ဆောင်ဖို့ တိုက်တွန်းနိူးဆော်ခဲ့ကြသည်။ မူးလားသည် နာဇီပါတီဝင် ထင်ရှားသော ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ဂျာမန်အင်ပါယာ၏ ခရစ်ယာန်ဂိုဏ်းအုပ်အဖြစ် ခန့်အပ်ခြင်းခံရသူလည်း ဖြစ်သည်။ ဂျာမန်ပရိုတက်စတင့် အများစုက ထိုပြောင်းလဲမှုများကို လက်ခံယုံကြည်ကြသည်။ ဂျာမန်ခရစ်ယာန်လှုပ်ရှားမှုကြီးနှင့် မူးလာကို ထောက်ခံခြင်းအားဖြင့် သူတို့၏ ယုံကြည်ခြင်းကို လိုက်လျောက်ရာရောက်သည်သာမက ဟစ်တလာကိုလည်း ထောက်ခံအားပေးရာ ရောက်သည်။ ၁၉၃၃ ခုနှစ်၊ ပရိုတက်စတင့်များ၏ ခေါင်းဆောင်မှုဖြင့် မဲဆန္ဒခံယူရာတွင် ဂျာမန်ခရစ်ယာန်အဖွဲ့အစည်း၏ မဲပေးသူ သုံးပုံနှစ်ပုံက ၎င်းကို အားပေးထောက်ခံခဲ့ကြပြီး မူးလားက ရွေးကောက်ပွဲမှာ အနိုင်ရခဲ့သည်။

(https://www.facinghistory.org/holocaust-and-human-behavior/chapter-5/protestant-churches-and-nazi-state)

ဒီစာကို မျှဝေဖော်ပြရာမှာ စာဖတ်သူအနေနဲ့ ဒီလိုအခြေအနေမှာ စိတ်ဖိစီးမှုခံစားနေရတဲ့ လူသားတွေအနေနဲ့ အဲဒီစိတ်ဖိစီးမှုကို သက်သာစေနိုင်တဲ့ အစွမ်းတန်ခိုးရှိသူကို မည်သည့်အတိုင်းအတာအထိ အထင်ကြီးဦးညွှတ်သွားဖို့ ဆန္ဒရှိတဲ့ အကြောင်းကို ဆင်ခြင်စေလိုပါတယ်။ လူတစ်ဦးတစ်ယောက်က အခက်အခဲတွေကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်တဲ့အခါ

[6] Ludwig Muller

အဲဒီလူကို ရှိခိုးကိုးကွယ်ချင်တဲ့ လူ့စိတ်သဘောထားကို သတိထားစေချင်ပါတယ်။ ကျွန်တော်တို့တွေဟာ အရည်အချင်း၊ စွမ်းရည် ကျွမ်းကျင်မှုတို့ကို မြတ်နိုးတန်ဖိုးထားဖို့ လေ့ကျင့်သင်ကြားပေးခံခဲ့ရကြတယ်မဟုတ်လား။ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုတို့က ဘယ်လိုပဲ ပြောင်းလဲပါစေ ဇာတိပကတိသဘောကြောင့် ကြောက်ရွံ့မှုတဲ့စိတ်က ပိုပြီး လုံခြုံမှုကို အမြဲလိုလားမှာဖြစ်ပြီး အာဏာပါဝါကလည်း ပိုပိုပြီး ထိန်းချုပ်မှုကို လိုချင်လာမှာဖြစ်တယ်။ ဒါပေမယ့် အဲဒီခရစ်ယာန်တွေက ဟစ်တလာကို ထောက်ခံနေကြတာဟာ စိတ်မသက်သာစရာ ဖြစ်တယ်။ ပရိုတက်စတင့်ဆိုတာဟာ ဗဟိုအုပ်ချုပ်မှု၊ ထိန်းချုပ်မှုစနစ်ကို ဆန့်ကျင်သူတွေ ဖြစ်ရမယ်မဟုတ်လား။ ကက်သလစ်အသင်းတော်ကလည်း ဘက်လိုက်မှုမရှိဘဲ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရမှာ မဟုတ်လား။ ၎င်းတို့က အာဏာရှင်တစ်ဦးကို ဘာကြောင့် အလွန်အမင်း အားပေး ထောက်ခံချင်နေကြတာလဲ။ အမှန်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဥရောပတိုက်တလျှောက်က အာဏာရှင်တွေဖြစ်တဲ့ မူဆိုလီနီ၊ ဖရန့်ကို၊နှင့် ဟစ်တလာတို့ အားလုံးဟာ ကက်သလစ်အသင်းတော်ရဲ့ ကျောထောက်နောက်ခံပြုမှုနှင့် ထောက်ပံ့မှုကို ရရှိခဲ့တဲ့ သူတွေချည်း ဖြစ်ကြတယ်။




ဟစ်တလာ၏ ရွေးကောက်ပွဲပိုစတာက ဂျာမဏီနိုင်ငံနှင့် ဗာတီကန်တို့ကြား လက်မှတ်ရေးထိုးထားသော ၁၉၃၃ ခုနှစ် သဘောတူစာချုပ်ကို အသုံးပြုခဲ့သည်။

ကက်သလစ်အသင်းသားတစ်ယောက်ဟာ အဒေါ့ဖ်ဟစ်တလာရဲ့ ပါလီမန်အတွက် မဲဆန္ဒပေးဖို့ ဘာကြောင့် တာဝန်ရှိသလဲ။ အကြောင်းကတော့ အဲဒီအမျိုးသား ဆိုရှယ်လစ်နိုင်ငံတော်မှာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အရ -

၁။ ယုံကြည်ချက်ကို ကာကွယ်စောင့်ရှောက်ရမည်။

၂။ အသင်းတော်၏ ငြိမ်းချမ်းရေးအတွက် အာမခံထားသည်။

၃။ အများပြည်သူ၏ အကျင့်စာရိတ္တကို ထိန်းသိမ်းရမည်။

၄။ တနင်္ဂနွေနေ့ကို သန့်ရှင်းစေရမည်။

၅။ ကက်သလစ်ကျောင်းများကို ဆက်လက်ဖွင့်လှစ်ရမည်။

၆။ ကက်သလစ်ယုံကြည်မှုကို အနှောင့်အယှက်မပြုရ။

၇။ ကက်သလစ်တစ်ဦးသည် အသက်တာတွင် ဥပဒေနှင့် နိုင်ငံတော်က ပေးအပ်သော တန်းတူအခွင့်အရေးကို ရရှိသည်။

၈။ ကက်သလစ်အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များသည် ဘာသာရေး၊ အလှူဒါနကိစ္စများနှင့် ယဉ်ကျေးမှုဆိုင်ရာ ရည်ရွယ်ချက်များကိုသာ လုပ်ဆောင်လေ့နေသရွေ့ လွတ်လပ်စွာ ဖွင့်လှစ်လည်ပတ်ခွင့်ရှိသည်။

အဲ့တော့ ကက်သလစ်အသင်းသားတိုင်းဟာ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ ဒီလိုမျိုး မဲဆန္ဒပေးဖို့ လုပ်ဆောင်ထားတယ်။ အဲဒါက ပြည်သူ့ဆန္ဒခံယူပွဲမှာ မဲပေးပြီး လွှတ်တော်ရွေးကောက်ပွဲမှာ အဒေါ့ဖ်ဟစ်တလာကို မဲဆန္ဒပေးဖို့ ဖြစ်တယ်။
http://www.concordatwatch.eu/kb-36931.834

ဒီစာအုပ်ငယ်လေးရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးအကြောင်းကို ငြင်းခုံဖို့ မဟုတ်ဘဲ လူတွေကို ဒီလိုမျိုး စဉ်းစားတွေးခေါ်မှုပုံစံခွက်ထဲမှာ ကျရောက်စေတဲ့ ပိုမိုနက်နဲတဲ့ ဘာသာရေးရဲ့ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ပြလိုခြင်းသာ ဖြစ်ပါတယ်။ ဘုရားသခင့်အကြောင်းကို ကျွန်တော်တို့ နားလည်မှုအပေါ် မူတည်ပြီး ကျွန်တော်တို့ရဲ့ ယုံကြည်ခံယူချက်တွေဟာ ဖြစ်တည်လာကြတယ်။ ဘုရားသခင်ရဲ့ တရားစီရင်ပုံ၊ သူနှစ်သက်တဲ့အရာ၊ ကမ္ဘာမြေကြီးအတွက် သူ့ရဲ့ အလိုတော်၊ ပြီးတော့ အထူးသဖြင့် သူ့အလိုတော်နဲ့ မညီတဲ့ သူတွေအပေါ် ကိုင်တွယ်ဆက်ဆံပုံ အစရှိတဲ့ အချက်တို့အပေါ် ကျွန်တော်တို့ရဲ့ နားလည်မှု မှားယွင်းတဲ့အခါ ကိုယ်ကျင့်တရား ပျက်ပြားရခြင်းရဲ့ အကြောင်းရင်းဖြစ်လာတယ်။ မိတ်ဆွေအပေါင်းအသင်းတွေမှာ မေတ္တာထားဖို့က လွယ်ကူ

တယ်။ ဒါပေမယ့် ရန်သူကို ချစ်ဖို့က ခက်ခဲတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ရှင်လုကာ ၆ မှာ ယေရှု ပြောခဲ့တာက -

"သင်တို့ကို ချစ်သော သူတို့အားသာ ချစ်တုံ့ပြန်လျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသော သူတို့သည် ကိုယ်ကို ချစ်သောသူတို့အား ချစ်တုံ့ပြုကြသည် မဟုတ်လော။ သင်တို့ကို ကျေးဇူးပြုသော သူတို့အားသာ ကျေးဇူးပြုလျှင် အဘယ်ကျေးဇူး တင်သနည်း။ ဆိုးသောသူတို့သည် ကျိုမျှလောက် ပြုကြသည်မဟုတ်လော့။ သူတစ်ပါး အား ဥစ္စာချေးငှားသောအခါ ဆပ်ပေးလိမ့်မည်ဟု မျှော်လင့်လျက် ချေးငှားလျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ကျေးဇူးဆပ်ခြင်းကို ခံလို၍ ဆိုးသောသူချင်းတို့အား ချေးငှားတတ်သည် မဟုတ်လော။ သင်တို့မူကား၊ ရန်သူကို ချစ်ကြလော့။ ကျေးဇူးပြုကြလော့။ တစ်စုံတစ်ခုကို ရမည်ဟု မျှော်လင့်ခြင်းမရှိဘဲ၊ ချေးငှားကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သော သဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့် သင်တို့အဘသည် သနားခြင်းစိတ် ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့" (ရှင်လုကာ ၆: ၃၂-၃၆)။

အဖဘုရားသခင်ဟာ တကယ်ပဲ သနားကြင်နာတတ်တဲ့ သူဟုတ်ပါသလား။ ဓမ္မဟောင်း ကျမ်းမှာ တွေ့ရှိရတဲ့ နိုင်ငံရေးသမိုင်းကြောင်းဖြစ်ရပ်တွေကို ကြည့်တဲ့အခါ အများကတော့ အဲလိုမြင်ကြပုံ မရကြဘူး။ ယနေ့ခေတ် နိုင်ငံတွေကလည်း ခရစ်ယာန်ဘာသာကို အဲလို မြင်ပုံမရကြပါဘူး။ ဘုရားသခင် အလိုရှိတဲ့အရာဟာ ကမ္ဘာပေါ်ရှိ နိုင်ငံတွေကို အာဏာပါဝါနဲ့ အမိန့်ပေးပြီး ဥပဒေစည်းမျဉ်းတွေကို ထုတ်တဲ့ ခရစ်ယာန်အင်ပါယာကြီး တစ်ခု ဟုတ်ပုံမလား။ ဒီလိုမျိုး ဘုရားသခင့်အကြောင်းကို တလွဲနားလည်ခြင်း၊ ခိုင်ခိုင်မာမာ နားမလည်ခြင်းကြောင့် ခရစ်ယာန်တွေဟာ အလွယ်တကူ ခြယ်လှယ်ခံခဲ့ကြတယ်။ နာဇီခေတ်အတွင်း အသင်းတော်များအကြောင်းနဲ့ ပတ်သက်ပြီး ပရောဖက်ဆာ ဂျိုဟန်က ၁၉၉၅ ခုနှစ် ဂျာမဏီနိုင်ငံ Tubingen University မှာ သင်ကြားပို့ချခဲ့တဲ့ ပြောင်မြောက် လှတဲ့ လက်ချာကို ဘာသာပြန်ထားတဲ့ စာရှည်ကြီးကို ကျွန်တော် ကိုးကားလိုပါတယ်။

"အသင်းတော်ခေါင်းဆောင်များက သူတို့နဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်များနည်းတူ ဂျာမန်တို့၏ အလေ့အထများကို အလွန်အကျွံ အထင်ကြီးခဲ့ကြသည်။ ဂျာမန်များ၏ အလေ့အထ များသည် ကမ္ဘာကြီးကို အကျိုးဖြစ်ထွန်းစေမည့် အရာ၊ အထူးသဖြင့် အာဏာရှင်

အကြောင်းမဲ့ နာခံသော အဖွဲ့အစည်းမျိုး၊ စစ်တပ်နဲ့ ဆိုင်သော အဖွဲ့အစည်းမျိုးအတွက် အလွန် အကျိုးရှိမည့် အလေ့အထများဟု ယုံကြည်ကြသည်။

ခရစ်ယာန်ဂိုဏ်းအုပ်များအနေဖြင့် သတိမပြုမိသောအချက်မှာ အသင်းတော်များ၏ အခွင့်အရေးနဲ့ လွတ်လပ်မှုသည် ပြည်သူများ၏ နိုင်ငံရေးရာ လွတ်လပ်ခွင့်နဲ့ ခွဲခြား၍ မရ ဟူသော အချက်ဖြစ်သည်။ အခြားသော အဖွဲ့အစည်းများ လွတ်လပ်စွာ ရပ်တည်မှသာ အသင်းတော်၏ လူငယ်အဖွဲ့အစည်းများ တိုးတက်ကြီးထွားနိုင်မည်ဖြစ် ကြောင်းကို သူတို့ သတိပြုမိဟန် မရှိချေ။ သူတို့ အလွယ် ထင်မှတ်ခဲ့ကြသည်မှာ အခြား လူမှုအဖွဲ့အစည်းများဖြစ်တဲ့ ဆိုရှယ်လစ်သမားများ၊ လစ်ဘရယ်သမားများ၊ ဂျူးလူမျိုးများ၊ ဘာသာမဲ့သမားများက ရှင်းထုတ်ခံရလျှင်ပင် ကက်သလစ်အသင်း တော်သည် လွတ်လွတ်လပ်လပ် ရပ်တည်နိုင်အုံးမည်ဟူ၍ ဖြစ်သည်။ သူတို့အနေဖြင့် လွတ်လပ်ခွင့်ကို အသင်းတော်၏ အမှန်တရားအတွက် လွတ်လပ်ခွင့်ဟုသာ နားလည်ထားကြသည်။ အသင်းတော်ဥပဒေ ပါမောက္ခ ဂိုးဆက်ဝင်နာအနေဖြင့် ဂျာမန်ပြည်သူများ၏ လုံခြုံရေးအတွက် ဂျာမန်အင်ပါယာအရှင်၏ နိုင်ငံတော် အရေး ပေါ်အခြေအနေ ကြေငြာခြင်း ဥပဒေကို ကြိုဆိုခဲ့သည်မှာ အထူးအဆန်းတော့ မဟုတ်ပါ။ (၄.၂.၁၉၃၃)။ ဤဥပဒေကြောင့် နိုင်ငံတော်ဟာ စစ်အုပ်ချုပ်ရေး အမိန့်အောက်ကို အမှန်တကယ် အကောင်အထည် ဖော်ဆောင်နိုင်မည့် အခြေအနေ သို့ ရောက်ရှိစေခဲ့၏။ ဟစ်တလာကိုလည်း ကက်သလစ်ဘာသာဝင်များအပါအဝင် သူ့အား ဆန့်ကျင်သူမှန်သမျှကို ဖမ်းဆီးခွင့် ရရှိစေခဲ့သည်။ ထိုလုပ်ဆောင်ချက်ကို ဂျာမန်ရိုးရာယဉ်ကျေးမှုနှင့် ခရစ်ယာန် ကျင့်ဝတ်သိက္ခာတို့ကို ရန်ဘက်ပြုသူများအား တိုက်ထုတ်ဖို့အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ချက် အဖြစ် သူက ချီးမွမ်းလိုက်သေး၏။"

ဂျာမန်ဘုန်းတော်ကြီးတွေက သူတို့ရဲ့ "ဂျာမန်အင်ပါယာသစ်အတွင်းက ဂျာမဏီအသင်း တော်သာသနာပိုင်ရှိ အသင်းအုပ်ဆရာတော်များ၏ အထွေထွေပေးစာစောင်" (၃.၆.၁၉၃၃) မှာ အဲဒီအချက်ကို အတည်ပြုခဲ့ကြတယ်။

"ကျွန်ုပ်တို့၏ သန့်ရှင်းသော ကက်သလစ်အသင်းတော်ထဲတွင် လုပ်ပိုင်ခွင့်အာဏာ၏ အရေးပါမှုနှင့် အဖိုးတန်မှုကို အကျိုးရှိရှိ ပြဌာန်းထားပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ကက်သလစ်ဘာသာဝင်များအတွက် ဂျာမန်နိုင်ငံတော်၏ အမိန့်အာဏာအပေါ် အခိုင်အမာ ဦးစားပေးမှုစနစ်သစ်ကို ကြိုဆိုရန် မည်သို့မျှ ခက်ခဲသည် မဟုတ်ပါ။ ထိုသို့ အာဏာကို အသင့်ဝန်ခံလိုက်နာခြင်းသည် သာမန်အလေ့အထကောင်းတစ်ခုသာ မဟုတ်ဘဲ အလွန်ကောင်းသော အလေ့အထဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်

ဝမ်းမြောက်စရာ သတင်းကောင်းမှာ နိုင်ငံတော် ခေါင်းဆောင်သစ်များအနေဖြင့် သူတို့အလုပ်အကိုင်၊ သူတို့ဘဝကို ခရစ်ယာန်အုတ်မြစ်အပေါ် အခြေခံထားကြောင်း ပြတ်သားစွာ ကြေငြာခဲ့ကြပြီး ဖြစ်ပါသည်။ ထိုကြေငြာချက်သည် ကက်သလစ် ဘာသာဝင်များ၏ အသည်းလိုက် အူလိုက် ဝမ်းမြောက်မှုကို ရရှိစေခဲ့သည့် ပြည်သူများအပေါ် ကတိကဝတ်ပြုချက် ဖြစ်ပါသည်။"

အဲဒီအချိန်မှာ နာဇီပါတီရဲ့ နိုင်ငံရေးပြိုင်ဘက်အမျိုးမျိုးတို့ဟာ ဖျက်ဆီးခံခဲ့ကြရတယ်။ ပျောက်ကွယ်သွားခဲ့ကြတယ်။ ဒါမှမဟုတ် အကျဉ်းချခံခဲ့ကြရတယ်။ ပြီးတော့ ပထမဦးဆုံး အစီအစဉ်ဖြစ်တဲ့ ဂျူးလူမျိုးတွေနှင့် ကွန်မြူနစ်သမားတွေကို သုတ်သင်တဲ့ လှုပ်ရှားမှုတွေ ဖြစ်ပွားနေပြီဖြစ်တယ်။ တမျိုးပြောင်းပြောရရင် အသင်းအုပ်ဘုန်းတော်ကြီးတွေအနေနဲ့ ဂျာမန်အစိုးရခေါင်းဆောင်တွေရဲ့ လုပ်ပိုင်ခွင့်အာဏာ မည်သည့်အတိုင်းအတာအထိ ရှိကြောင်း သိရှိထားကြတယ်။ သူတို့ရဲ့ ပြောဆိုချက်အရ ဂျူးလူမျိုးတွေ၊ ဂျပ်ပစီလူမျိုးတွေ၊ လိင်တူချစ်သူတွေ၊ ဆိုရှယ်လစ်ဝါဒီတွေ၊ ဖော်လ်ရှီဗစ်သမားတွေနှင့် လစ်ဘရယ်သမားတွေက လူသားဆန်တဲ့ ဆက်ဆံမှု (ဒါမှမဟုတ်) လွတ်လပ်မှုနှင့် ဥပဒေရဲ့ ကာကွယ်မှုတို့ကို တောင်းဆိုခွင့် မရှိဘူး။ ဒီအချက်အပေါ် ဘုန်းတော်ကြီးတွေနှင့် ကက်သလစ် တော်တော်များများနှင့် ကွန်ဆာဗေးတစ် ပရိုတက်စတင့်ခရစ်ယာန်တွေက နာဇီတွေနဲ့အတူ သဘောတူညီခဲ့ကြတယ်။ <u>ကက်သလစ်ဘုန်းတော်ကြီးတွေအနေနဲ့ ၎င်းတို့အသင်းတော်ရဲ့ ပြိုင်ဘက်တွေ ပျက်သုဉ်းခြင်းဟာ ကက်သလစ်အသင်းတော်ကို အားကောင်းလာစေနိုင်တယ်လို့ မျှော်လင့်ခဲ့ကြဟန် ရှိတယ်။</u> ဘာကြောင့်လဲဆိုတော့ ကက်သလစ်အသင်းတော်ဟာ ပုပ်ရဟန်းမင်းကြီးက ဟစ်တလာနဲ့ ချုပ်ဆိုခဲ့တဲ့စာချုပ် Reichskonkordat ရဲ့ ကာကွယ်မှုကို ရရှိထားတယ်။

ဒါကလည်း အသင်းအုပ်ဘုန်းတော်ကြီးတွေရဲ့ ပေးစာမှာ အောင်ပွဲခံတဲ့ ကြွေးကြော်သံတွေ တွေ့ရတာဖြစ်တယ်။ "ယုံကြည်ခြင်းကင်းမဲ့မှုနှင့် အကျင့်စာရိတ္တ ပျက်ပြားမှုသည် ဂျာမန်ပြည်သူများ၏ အသက်သွေးကြောကို မည်သည့်အခါမျှ တဖန် အဆိပ်မခတ်စေရ။ လူသတ်သမားဆန်ဆန် ဘိုရှီဗစ်ဝါဒက ဘုရားသခင်ကို မုန်းတီးခြင်းနှင့် ဂျာမန်ပြည့်သူ့စိတ်ဓာတ်ကို မခြိမ်းခြောက်၊ မဖျက်ဆီးစေရ" ဆိုပြီး စာမှာ ပါရှိခဲ့တယ်။ သူတို့အနေနဲ့ အသင်းအုပ်များပေးစာကို "ဂျာမန်ခေါင်းဆောင်ကြီး၏ ဉာဏ်ပညာနှင့် အစွမ်းတန်ခိုးတို့အားဖြင့် တော်လှန်ရေးမီးပွားအားလုံးနှင့် ကက်သလစ်အသင်းတော်ကို ရန်ဘက်ပြုပြီး ကြောက်လန့်စရာ တောက်လောင်နေသော ရန်ငြိုး၊ အငြိုးမီးအမျိုးမျိုး အားလုံးတို့ကို ချုပ်ငြိမ်းစေနိုင်လိမ့်မည်" ဆိုတဲ့ မျှော်လင့်ချက်နဲ့ နိဂုံးချုပ်ခဲ့ကြတယ်။

အမှန်မှာတော့ ခရစ်ယာန်အသင်းတော်၊ ၎င်းဟာ ရိုမန်ကက်သလစ်ဖြစ်စေ၊ ပရိုတက်စတင့်ဖြစ်စေ၊ အာဏာရှင်ဆန်တဲ့ နာဇီဝါဒနဲ့ အရမ်း ရင်းနှီးနေတာဟာ ထိတ်လန့်စရာဖြစ်တယ်။

[http://www.concordatwatch.eu/showkb.php?org_id=858&kb_header_id=43191&order=kb_rank%20ASC&kb_id=36941](http://www.concordatwatch.eu/showkb.php?org_id=858&kb_header_id=43191&order=kb_rank%20ASC&kb_id=36941)



*ဂျာမန်ပရိုတက်စတင့်အသင်းတော်များအနေဖြင့် ဟစ်တလာနဲ့ မည်သည့် သဘောတူစာချုပ်မှ ချုပ်ဆိုခြင်း မရှိပေ။ သို့သော် သူတို့လည်း သူတို့ဘာသာ ညှိနှိုင်းလျှို့ဝင်သွားကြတယ်။ အထက်က ပန်းပုလက်ရာမှာ ဘာလင်မြို့တော်ရှိ မာတင်လူသာ အောက်မေ့ခြင်းအသင်းတော်၏ တရားဟောစင်မြင့်ပေါ်မှာ ထိုးထွင်းတင်ထားခြင်းဖြစ်သည်။ စစ်ဦးထုပ်ဆောင်းထားသော နာဇီစစ်သားတစ်ဦး၏ ဘေးတွင် ယေရှုကို တွေ့ရသည်။ (အခြားတဖက်တွင် ကျမ်းစာကို ဆုပ်ကိုင်ထားသည့် ရန်လိုနေသော ဂျူးတစ်ယောက်လား တွေ့ရသည်။) နံရံများကို မူလအစတွင် စဝက်တစ်ကာ သင်္ကေတများဖြင့် ပုံဖော်အလှဆင်ထားသည်။ အခုမူ နာဇီနဲ့ ဆက်စပ်မှုကြောင့် ထိုသင်္ကေတများကို ဖြုတ်ဖျက်ထားကြသည်။ နာဇီသင်္ကေတတို့သည် ယခုအခါ ဂျာမဏီတွင် ဥပဒေချိုးဖောက်ရာ မြောက်သည်။ အသင်းတော်၏ ခေါင်းလောင်းများကိုလည်း စဝက်တစ်ကာသင်္ကေတများဖြင့် မွမ်းမံထားခဲ့ကြသည်။ သို့သော် ၁၉၄၂ ခုနှစ်တွင် ထိုခေါင်းလောင်းများကို သေနတ်နှင့် ကျည်ဆန်အတွက် အရည်ဖျော်ခဲ့ကြသည်။*

သမ္မာကျမ်းစာက "နေရောင်အောက်တွင် အသစ်သော အရာမရှိ" ဆိုပြီး ဖော်ပြထားတာကို သတိရပါ။ ဂျာမန်တွေက သူတို့တန်ဖိုးထားတဲ့ အရာတွေ တိုက်ခိုက်ခံနေရတယ်လို့ ထင်မြင်ခံစားနေကြသလိုမျိုး အခုချိန်မှာ အနောက်နိုင်ငံတွေက သူတို့ တန်ဖိုးထားတဲ့ အရာတွေ တိုက်ခိုက်ခံနေရပြီလို့ ထင်မြင်ခံစားနေကြတယ် မဟုတ်ပါလား။ အာဏာရှင်စနစ်ကလည်း မနစ်မြုပ်စရာအကြောင်း တချို့ရှိပေမယ့် လိုအပ်တဲ့အရာလို့ မြင်နေကြပြီ မဟုတ်လား။ "နောက်ဆုံးရလဒ်က အကောင်းဖြစ်နေသရွေ့ အဆင်ပြေတယ်" ဆိုတဲ့ အယူအဆအတိုင်း မတော်လျော်တဲ့အရာတွေဟာ မရှိမဖြစ် လိုအပ်တဲ့အရာလို့ မြင်နေကြပြီမဟုတ်လား။ ဒါပေမယ့် အဲလိုအတွေးမျိုးက ဂျာမဏီသမိုင်းကို ကြည့်တဲ့အခါ ဘယ်လိုနေရာကို ခေါ်ဆောင်သွားနိုင်ကြောင်း ပုံသက်သေရှိနေခဲ့ပြီဖြစ်တယ်။ သူ့ရဲ့ ဟောပြောမှုအဆုံးမှာ ပရောဖက်ဆာ နယူးမန်းက ၁၉၄၅ ခုနှစ်နှောင်းပိုင်း ဂျာမန်အသင်းတော်တွေက မိမိတို့ရဲ့ အခြေအနေကို မိမိတို့ သတိမပြုမိနိုင်ပုံကို အံ့သြကြောင်း မှတ်ချက်ပေးခဲ့တယ်။ ယခုထက်ထိ သမိုင်းမှ သင်ခန်းစာယူတာမျိုး တစ်ခုမျှ မရှိသေးဘူး။ နောင်တရကာ ပြောင်းလဲခြင်းလည်း မရှိသလောက်ပဲ။ ဒါပေမယ့် ကျွန်ုပ်တို့ အံ့အားသင့်ခဲ့သလား။ ယေရှုဘုန်းတော်ဝင်စားပြီး နှစ်ပေါင်း ၂၀၀၀ ကျော်ရှိနေပြီဖြစ်ပေမယ့် ကျွန်တော်တို့မှာ တူညီတဲ့အမှားကို ဆက်လက် မှားနေကြဆဲဖြစ်တယ်။ အကြောင်းကတော့ သူတို့လိုမျိုးပဲ ကျွန်ုပ်တို့လည်း ဘုရားသခင်ရဲ့ စာရိတ္တတော်အကြောင်းကို အခုထိ နားလည်မှု လွဲနေကြတယ်။ ကျွန်ုပ်တို့ရဲ့အထင်မှာ ဘုရားသခင်က အခြားသူတွေ ပျက်ဆီးခြင်းအားဖြင့် အုပ်စုတစ်စုကို မျက်နှာသာပေးတယ်။ သူ့အစီအစဉ်မှာ မပါတဲ့ သူတွေကို ဖျက်ဆီးပစ်တယ်လို့ ကျွန်တော်တို့ ထင်ကြတဲ့အတွက်ကြောင့် ဖြစ်တယ်။ ကျွန်တော်ဟာ ခရစ်ယာန်တစ်ယောက်ဖြစ်တယ်လို့ သင်က ဝန်ခံသည်ဖြစ်စေ၊ သင်ဟာ ငယ်ငယ်က ကိုးကွယ်တဲ့ ဘာသာတရားကို စွန့်လွှတ်သူဖြစ်စေ၊ သင်ဟာ နှစ်ခြင်းခံယူပြီးတဲ့ ခရစ်ယာန်တစ်ဦးဖြစ်စေ၊ ဘုရားသခင်ရဲ့ စာရိတ္တတော်အကြောင်းဟာ အဲဒီအရာတွေထက် ပိုပြီး နက်နဲသိမ်မွေ့ပါတယ်။ အရေးကြီးတာက အခွင့်အာဏာ၊ တရားမျှတမှု၊ တရားကြင်နာမှု၊ တရားဥပဒေ စတဲ့ အရာတွေအပေါ် သင့်ရဲ့အမြင်နှင့် ဖန်ဆင်းရှင်အပေါ် သင့်ရဲ့အမြင် (သင်ဟာ ဖန်ဆင်းရှင်မရှိဆိုပြီး ယုံကြည်သူဖြစ်နေပါစေ) ဖြစ်တယ်။ နိုင်ငံတော်အစိုးရ၊ အခွင့်အာဏာ၊ ခွင့်လွှတ်ခြင်းတရား၊ တရားစီရင်ခြင်း စတဲ့ အရာတွေအပေါ် ကျွန်ုပ်တို့၏ အယူအဆ၊ ခံယူချက်တွေက ဘာသာရေးအမြင်မှ ကျွန်ုပ်တို့ထံ စီးဝင်လာတဲ့ ခံယူချက်၊ ယူဆချက်တွေ ဖြစ်နေတယ်။ သမိုင်းမှာ တွေ့ရတဲ့ လောကီအမြင် အားလုံးနီးပါးက ဖန်ဆင်းရှင်ရှိကြောင်း၊ ဒီကမ္ဘာကြီးကို ပုံစံရေးဆွဲသူ ဒီဇိုင်နာတစ်ဦးရှိကြောင်း နားလည်ထားကြတယ်။ ဒါကြောင့် လူတိုင်းမှာ (သူတို့ သတိပြုမိသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ) ဖန်ဆင်းရှင်က ကောင်းတဲ့သူလား၊ မကောင်းတဲ့သူလား၊ အများအကျိုးကို လိုလားတဲ့

သူလား၊ တကိုယ်ကောင်းဆန်တဲ့သူလား စတဲ့ အတွေးတွေ အလိုအလျောက် ရှိနှင့်ပြီးသား ဖြစ်တယ်။ အဲဒီဝိရောဓိအတွေးတွေကို အဖြေရှာဖို့ လိုအပ်ပါတယ်။ တကယ်လို့ အဲလိုမရှာဘူးဆိုရင် စိတ်ရဲ့ ငြိမ်သက်ခြင်းကို ရရှိနိုင်မှာ မဟုတ်ပါဘူး။ အထက်က ဖော်ပြခဲ့ပြီးတဲ့ ကိုးကားချက်ရဲ့ အဆက်မှာ အောက်ပါအတိုင်းက ဖြစ်တယ်။

"ပရိုတက်စတင့်၊ ဓမ္မသစ်ကျမ်းပညာရှင်တစ်ဦးဖြစ်သူ ဘားဒန့်ရှယ်လာက နာဇီခေတ် တုန်းက ခရစ်ယာန်များနှင့် ဂျူးလူမျိုးများအကြား အခြေအနေမကောင်းတဲ့ ဆက်ဆံရေး အကြောင်းကို သုတေသနပြုခဲ့သည်။ သူ၏ သုတေသနကို ဤသို့ စိတ်ပျက်၊ ထိတ်လန့်စရာ နိဂုံးချုပ်ခဲ့သည်။ အသင်းတော်အသိုင်းအဝိုင်းအနေဖြင့် ဂျူးလူမျိုးများ အား လူမျိုးတုံးသတ်ဖြတ်သည့် အစီအစဉ်ကို စိတ်ထဲတွင် ကြိတ်၍ ရှုတ်ချခဲ့ ကြသော်လည်း ကက်သလစ်ဘုန်းတော်ကြီးများမှဖြစ်စေ ပရိုတက်စတင့်အသင်းတော် ခေါင်းဆောင်များမှဖြစ်စေ ထိုအကြမ်းဖက်မှုကို လူသိရှင်ကြား ရှုတ်ချပြောဆိုမှုမျိုး မရှိခဲ့ချေ။ လူသိရှင်ကြားဖြစ်စေ၊ လျှို့ဝှက်၍ဖြစ်စေ ဂျူးလူမျိုးများခံရသော နှိပ်စက် ညှင်းပန်းမှုကို ဆန့်ကျင်ပြောဆိုသူ၊ ဂျူးလူမျိုးတို့နဲ့အတူ ရပ်တည်ပေးသူ အနည်းငယ်သာ ရှိခဲ့သည်။ ဘာလင်မြို့တော်ရှိ ကက်သလစ်တက္ကသိုလ်ကျောင်းအုပ် ဘားနတ်လစ်ချန်ဘာတ်၊ ဟူတန်ဘက်မြို့မှ ပရိုတက်စတင့်အသင်းအုပ်ဆရာ ဂျူလီယက်စ် ဗန် ဂျန်း၊ ဟယ်မွတ် ဂေါ်ဝိဇာ၊နှင့် အခြား အနည်းငယ်ကသာ ဆန့်ကျင်ခဲ့ကြသည်။ ဤသို့သော အခြေအနေများတွင်ပင် ဂျူးလူမျိုးမုန်းတီးရေးကို မည်သူမျှ မေးခွန်းမထုတ်ခဲ့သည်မှာ အံ့အားသင့်စရာဖြစ်သည်။ တရားရေးရာ ဖက်ဒရယ်ဝန်ကြီးထံသို့ သွားရောက် ဆန့်ကျင်ကန့်ကွက်ခဲ့သော အစိုးရ ဘုန်းတော်ကြီး ဝမ်မ်းမှ လွဲ၍ အသင်းတော် အားလုံး၏ ခေါင်းဆောင်အများစုနှင့် အသင်းတော်၏ ပုံနှိပ် ထုတ်ဝေမှု အများစုသည်လည်း ထိုအကြောင်းနဲ့ ပတ်သက်ပြီး တိတ်ဆိတ် နေခဲ့ကြသည်။

အသင်းတော်ခေါင်းဆောင်များသည် နှုတ်ဆိတ်နေခဲ့ကြသည်မှာ အင်မတန်မှ အံ့ဩ တုန်လှုပ်စရာဖြစ်သည်။ ၎င်းသည် နိုင်ငံ့ဘုန်းတော်ကြီး ဟိန်းရစ်ချ်ရိန့်တော့ဗ်က ပြောဆိုခဲ့သည့်အတိုင်း ကြောက်ရွံ့စိတ်ကြောင့်မဟုတ်ဘဲ သဘောတရားအရ ရပ်တည် မှုကြောင့်လည်း ဖြစ်သည်။ သူက ဤသဘောတရားအကြောင်းကို ဤကဲ့သို့ ဆိုထား သည်။ "အသင်းတော်ဟာ နောက်ဆုံးမှာ အာဏာစက်ပေါ်လာသည့် အတွက်ကြောင့် ဝမ်းသာကျေနပ်နေတယ်။ အဲဒါကြောင့် အစိုးရအာဏာကို ဆန့်ကျင်နှောင့်ယှက်တာဟာ ဘာသာရေးယုံကြည်မှုတွေကို ဆန့်ကျင်ရာဖြစ်တယ်။" ဤနေရာမှာ အသင်းတော် များက သစ္စာလိုက်နာပါမည်ဟု ကျိန်ဆိုထားသော ဘုရားသခင်၏ နှုတ်ကပါတ်တော်

> သည် အဘယ်မှာနည်း။ 'သူ့အသက်ကို မသတ်နှင့်' ဟူသော ပညတ်တော်သည် ဘုရားသခင်၏ နှုတ်ကပါတ်တော်မဟုတ်ပေဘူးလား။"

## အကြမ်းဖက်သမားက ဘုရားသခင်လား၊ လူသားများလား

အထက်က ဖော်ပြခဲ့တဲ့ အချက်တွေ အားလုံးအတွက် ဖွဲ့စည်းတည်ထောင်ထားတဲ့ ဘာသာရေးအဖွဲ့အစည်းတွေကို အပြစ်တင်ဝေဖန်ဖို့ လွယ်ပါတယ်။ ဒါပေမယ့် ဘာသာရေးဆိုတာ အဖွဲ့အစည်းနဲ့ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တကယ် တည်ရှိနေတဲ့အရာဖြစ်တယ်။ ဂျာမဏီနိုင်ငံမှာဆိုရင် အဖွဲ့အစည်းဝင်မဟုတ်တဲ့ သာမန်အရပ်သားအဖွဲ့တွေထံမှ ဆန့်ကျင်ကန့်ကွက်မှုဟာ တချို့ တွေ့ရတယ်။ ကျွန်တော်တို့ ကမ္ဘာကြီးဟာ နောက်ဆုံးသောပျက်စီးခြင်း နေ့ရက်ကာလသို့ ဦးတည်လာတာနဲ့အမျှ လောကီလူသား ပဓါနဝါဒီတွေ ပေးတဲ့ မျှော်လင့်ချက်က လစ်ဟာနေပြီး၊ သဘာဝအခြေပြုရုပ်ဝါဒီသမားတွေရဲ့ ရုပ်လွန်အမှန်တရားနဲ့ ပတ်သက်တဲ့ အဖြေတွေ[7]ကလည်း မျှော်လင့်စရာ ကင်းမဲ့လာခဲ့တယ်။ Fatherlove.info မှာရှိတဲ့ ကျွန်တော်တို့က ကျွန်ုပ်တို့ကို ကူညီမယ့် ဘုရားတစ်ဆူရှိတယ်လို့ ယုံကြည်ကြပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ ယုံကြည်တဲ့ ဘုရားသခင်ဟာ သမာရိုးကျ ခရစ်ယာန်တွေ ယုံကြည်တဲ့ ဥပဒေ အမိန့်အာဏာအားဖြင့် သူရဲ့ ရန်သူတွေကို နှိပ်စက်၊ သတ်ဖြတ်တဲ့ ဘုရား မဟုတ်ပါဘူး။ ကျွန်ုပ်တို့အတွက် "ဘုရားသခင်၏ ကရုဏာတော်သည် ထာဝရ၊ အစဉ်အမြဲတည်၏" (ဆာလံ ၁၃၆)။ ပြီးတော့ သူမှာ သူ့ရဲ့ သားတော်ယေရှုနဲ့ တူတဲ့ အကျင့်စာရိတ္တတော်ရှိတယ်။ တကယ်တော့ ခမည်းတော်ဘုရားက ဘယ်သောအခါမှ သူရဲ့ ရန်သူတွေကို အကြမ်းဖက်နည်းနဲ့ သုတ်သင် ဖယ်ရှားခြင်း မပြုဘူး။ မပြုခဲ့ဖူးဘူး။ နောင်မှာလည်း ပြုမှာမဟုတ်ဘူးဆိုတာ ပြသဖို့ဟာ သားတော်ရဲ့ တာဝန်မစ်ရှင်ဖြစ်တယ်လို့ ကျွန်တော်တို့က ယုံကြည်ကြတယ်။ ဘုရားသခင်ဟာ အကြမ်းမဖက်တာမက သူ့ရဲ့ သားသမီးအရင်းသဖွယ် အတ္တမဲ့မေတ္တာ တော်စစ်စစ်နဲ့ ချစ်တော်မူတဲ့ သူတွေရဲ့ ဒုက္ခဝေဒနာအားလုံး၊ တကမ္ဘာလုံးရဲ့ ဒုက္ခဝေဒနာ အားလုံးကို ယူတင်ခံယူတဲ့ ဘုရားဖြစ်တယ်။ ဒါပေမယ့် သူရဲ့ တောင်းပန်ဖိတ်ကြားမှုတွေ အဆက်မပြတ် ငြင်းပယ်ခံရတဲ့အခါ ဝမ်းနည်းစွာနဲ့ ကျွန်ုပ်တို့ထံမှ သူ ထွက်သွားရ တော့တယ်။ ဒီအကြောင်းကို ဂျေရုရှလင်မြို့ကြီး ကျဆုံးပျက်စီးခြင်းမှာ အထင်ရှားဆုံး တွေ့နိုင်တယ်။ ဘုရားသခင်က အာဏာနဲ့ တိုက်ရိုက် ကွပ်မျက်တတ်သူ မဟုတ်ဘူး။ ကျွန်ုပ်တို့က မိမိတို့ရဲ့ အပြစ်တွေကြောင့် အပြစ်ရဲ့ အကျိုးဆက်ကို ခံစားရခြင်းသာ ဖြစ်တယ်။ သမ္မာကျမ်းစာထဲမှာ

---

[7] Metaphysical answers

အများအားဖြင့် တွေ့ရတာက ဘုရားသခင်က ယုံကြည် မှုကင်းမဲ့တဲ့၊ အကြမ်းဖက်တတ်တဲ့ လောကအမြင်တွေနဲ့ ပြည့်နေတဲ့ ကျွန်ုပ်တို့နဲ့ ဆက်ဆံစကားပြောခဲ့ပါတယ်။ ကျွန်ုပ်တို့တွေဟာ သခင်ယေရှုကို ပိုမိုသိကျွမ်းလာခြင်းဖြင့် ကျွန်ုပ်တို့ရဲ့ ဇာတိသဘောနဲ့ ပြည့်နေတဲ့ အမြင်တွေထက် မြင့်မြတ်တဲ့ အမြင်တွေဆီသို့ မိမိတို့ကိုယ်ကို မြင့်တင်နိုင်ဖို့ ဘုရားသခင်က မျှော်လင့်ထားခြင်းဖြစ်တယ်။

လူတော်တော်များများအတွက် အခု ကျွန်တော်တင်ပြခဲ့တဲ့ ဘုရားသခင်နဲ့ ပတ်သက်တဲ့ အမြင်ဟာ ကျမ်းစာက ဖော်ပြထားတာထက် ပိုနေတယ်၊ စည်းကျော်နေတယ်လို့ မြင်ကြတယ်။ ဘုရားသခင်ဟာ သူရဲ့ ရန်သူတွေကို မီးရှို့ဖျက်ဆီးသူ၊ မှားယွင်းတဲ့ ဘာသာတရားကို ကိုးကွယ်တဲ့ တိုင်းပြည်တွေအပေါ် စစ်ကြေညာသူ၊ အမှားလုပ်သူတွေကို တရားစီရင်သူဖြစ်တယ်လို့ သူတို့က တလွဲ လက်ခံယုံကြည်ထားကြတာဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်တို့က မောရှေဆီမှာ ပြသတော်မူခဲ့တဲ့ "ချစ်သနားခြင်း မေတ္တာကရုဏာတော်နှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော" ဘုရားသခင်ဆိုတဲ့ အမြင်ဟာ ဖြစ်နိုင်တဲ့အပြင် ကျမ်းစာနဲ့လည်း ကိုက်ညီတယ်လို့ ယုံကြည်ကြတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ထဲမှာ လေ့လာလိုသူတွေအတွက် ကျမ်းစကားအဖြေတွေ ရှိပါတယ်။ အမှန်မှာ ကျွန်တော်တို့က ဘုရားသခင်ရဲ့ ကောင်းမြတ် ခြင်းကို မြည်းစမ်းခဲ့ရပြီးဖြစ်တဲ့အတွက် ဒီလိုမျိုး ဝေမျှလိုခြင်းဖြစ်ပါတယ်။ အဲဒါမှ စာဖတ် သူကိုလည်း ကောင်းကင်မှ ဖွင့်ပြတဲ့ အမှန်တရားတွေဆီသို့ ဦးဆောင်ပေးနိုင်ဖို့ ဒီစာအုပ်ငယ်လေးကို ရေးသားရခြင်းဖြစ်ပါတယ်။ ဒီစာကို လူသားတွေရဲ့ ကျဆုံးမှုနှင့် ပြစ်ချက်တွေကို ဖော်ပြဖို့အတွက်သာ ရည်ရွယ်ပြီး ရေးသားထားတာ မဟုတ်ပါဘူး။ အဲဒီအကြောင်းအရာတွေကို အထူး ရေးနေစရာလည်း မလိုပါဘူး။ စာအုပ်ငယ်မှာ ရေးသားထားတဲ့ ဝေဖန်ချက်စာတမ်းမှာလည်း လုံလောက်ပြည့်စုံတဲ့ စာတမ်းမဟုတ်ဘူး။ စာအုပ်ငယ်လေးရဲ့ ရည်ရွယ်ချက်မှာ အဲဒီပြဿနာအကြောင်းကို စစ်ဆေးထောက်ပြခြင်းဖြင့် စာဖတ်သူတို့က အဲဒီပြဿနာရှိနေကြောင်းကို သတိပြုမိလာဖို့၊ ထပ်မံသိရှိလိုစိတ်တွေ နှိုးထ၊ နှိုးကြားလာပြီး ထပ်တိုးလေ့လာမှုတွေ ပြုလုပ်ဖို့ မျှော်လင့်ပြီး ရေးသားရခြင်းဖြစ်ပါတယ်။ ပြဿနာရဲ့ အဖြေကို မတူညီတဲ့ အမြင်တစ်ခုနဲ့ လေ့လာကြည့်ဖို့ **'Agape'** အတ္တမဲ့မေတ္တာတော်ဆိုတဲ့ စာအုပ်လေးကို ဖတ်ဖို့အတွက် ကျွန်တော်တို့ကို ဆက်သွယ်လာဖို့ မျှော်လင့်ပါတယ်။

"သူတို့သည် မည်သို့ပင် ယူဆစေကာမူ မိမိတို့ မှန်ကန်သည်ဟု စိတ်ချယုံကြည်စိတ်ရှိရကြမည်" (ရောမသြဝါဒစာ ၁၄ ၅)။

ဘုရားသခင်မှာ အမည်းစက်၊ အစွန်းအထင်း လုံးဝမရှိဘူး ဆိုတဲ့ အချက်မှာ လုံးဝမဖြစ်နိုင်ဘူးလို့ မိတ်ဆွေက ပြောရင်ပြောနိုင်တယ်။ ဒါပေမယ့် မိတ်ဆွေက အဲလို

မပြောခင်မှာ ကျွန်တော်တို့က အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး မျက်ရည်မျက်ခွက်နဲ့ ဆုတောင်းပြီးမှ ပြည့်စုံစေ့စပ်စွာ ရှာဖွေတင်ပြထားတဲ့ အထောက်အထား၊သက်သေတွေကို တွေးတောဆင်ခြင်ကြည့်စေလိုပါတယ်။ ဘုရားသခင်ရဲ့ စာရိတ္တတော်အကြောင်းကို အဖြေ ရှာခြင်း၊ လူသားတွေရဲ့ အနက်နဲဆုံးသော မေးခွန်းတွေကို အဖြေရှာခြင်းက လူသားတွေ အတွက် အရေးကြီးဆုံးတာဝန်တစ်ခုဖြစ်တယ်။ ယေရှုကိုယ်တော်တိုင်က ကားတိုင်တင် အသေသတ်ခြင်း မခံရခင်မှာ "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူ တည်းဖြစ်တော်မူသော ကိုယ်တော်ကို ... သိကျွမ်းခြင်းတည်း" (ရှင်ယောဟန် ၁၇: ၃) ဆိုပြီး ဆုတောင်းခဲ့တယ်။ ယေရှုရဲ့ နောက်ဆုံး ဆုတောင်းချက်ရဲ့ အဓိကအချက်မှာ 'ကျေးဇူးတော်အားဖြင့် သိစေခြင်းငှာ' ဆိုတဲ့ စကားစုဖြစ်တဲ့အတွက် ဘုရားသခင်ကို သိကျွမ်းခြင်းပညာဟာ လက်ခံရရှိဖို့ ဘယ်လောက်ခက်ခဲကြောင်းကို ဖော်ပြနေပါတယ်။ ဘုရားသခင်ရဲ့ စာရိတ္တတော်အကြောင်းကို မှားယွင်းစွာ နားလည်ခြင်းမှ ဖြစ်ပေါ်လာတဲ့ မလွဲမသွေ ကြုံတွေ့ရမယ့် အကြမ်းဖက်မှုတွေကို ရှောင်ရှားနိုင်ဖို့ဆိုရင် ပြဿနာကို လူတွေ ထောင်စုနှစ်ချီအောင် ပြုနေကျအတိုင်း မသိကျိုးကျွံပြုနေလို့ မရတော့ပါဘူး။ လူသားတွေရဲ့ ဖျက်ဆီးနိုင်စွမ်း မြင့်လာလေလေ ဘုရားသခင်ရဲ့ စစ်မှန်တဲ့ မေတ္တာတော်အကြောင်းကို သိနိုင်ဖို့ အရေးကြီးလာလေလေဖြစ်တယ်။ ခရစ်တော်ရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ ခရစ်ယာန် တွေအနေနဲ့ ကျွန်ုပ်တို့ဘိုးဘေးတွေရဲ့ အမှားတွေကို အမှန်ပြင်နိုင်ပြီး အလင်းသစ်ကို မျှဝေခြင်းဟာ ကျွန်ုပ်တို့ရဲ့ တာဝန်ဝတ္တရားဖြစ်ပါတယ်။ အမှားတွေကို အဖြေမရှာနိုင်ဘူး ဆိုရင် အမှားကို ထပ်ခါထပ်ခါ မှားမိကြဦးမှာဖြစ်ပါတယ်။

ပရော်ဖက်ဆာ နယူးမန်းက သူရဲ့ လက်ချာကို ဒီလို နိဂုံးချုပ်ခဲ့တယ်။

> "၁၉၃၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ဟစ်တလာက ကက်သလစ်ဘုန်းတော်ကြီး ဘန်းနင်းကို "ယုံကြည်သူစစ်သားတွေက အရေးပါဆုံးလူတွေပဲ။ သူတို့က ကိုယ့် တာဝန်ကို အကောင်းဆုံး လုပ်ကြတယ်။ ဒါကြောင့် အသင်းတော်ကျောင်းတွေကို ကျွန်တော်တို့ ဆက်ဖွင့်ရမယ်"ဟု ပြောခဲ့သည်။
>
> အသင်းတော်များသည် သူတို့ ပြောထွက်မည့်အချိန်တွင် နှုတ်ပိတ်နေကြသောကြောင့် ဟစ်တလာ၏ တိတ်တဆိတ် ကြံရာပါများ ဖြစ်လာကြသည်။ ထိုအပြုအမူကို သူတို့ ဖြေရှင်းရန် လိုအပ်သည်။ ကြောက်ရွံ့စိတ်ဖြင့် နှုတ်ပိတ်နေခဲ့ကြသောကြောင့် ယနေ့ အပြစ်မတင်သင့်သော်လည်း ဘာသာရေးအဖွဲ့အစည်းအနေဖြင့် သူတို့သည် အခြား အဖွဲ့ သာမန်လူများနှင့် မည်သို့မျှ ထူးခြားမနေကြောင်း၊ ကောင်းမြတ်မနေကြောင်းကို သူတို့အပြုအမူက ထင်ရှားစွာ ပြသနေပါသည်။ နာဇီအချိန်တွင် အခြားလူများနည်းတူ အသင်းတော်များလည်း ရေလိုက်ငါးလိုက် နေခဲ့ကြသည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုကို

> ဖော်ဆောင်ခြင်း၊ သို့မဟုတ် တရားမျှတမှုကို တရားဝင် တောင်းဆိုခြင်းကို မပြုခဲ့ကြသည့်အပြင်၊ မည်သည့် ကိုယ်ကျင့်တရား ကောင်းမြတ်မှုကိုမှ မပြသနိုင်ခဲ့ကြချေ။ ဆန့်ကျင်ဘက်အနေဖြင့် အကောင်းအဆိုးကြား စိတ်ဒုက္ခရောက် ဒွိဟဖြစ်နေကြသော ဂျာမန်ပြည်သူများကို ဘုရားသခင် ချမှတ်သော အမိန့်တော်ဟူသော ညွှန်ကြားချက်များဖြင့် အေးရာအေးကြောင်း ချော့သိပ်သွားကြသည်။ လူများ၏ အသိတရားကို လမ်းလွဲစေသည်မက ပြစ်မှုကျူးလွန်သူများအဖြစ်သို့ ကျရောက်စေခဲ့ကြသည်။ အခြား မထူးဇာတ်ခင်းသူ သာမန်လူများထက် အသင်းတော်များသည် ပိုမိုအပြစ်ကြီးပါသည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကို အသုံးပြုပြီး လူများကို လမ်းမှား ရောက်စေခဲ့ကြသည်။ သူတို့သည် လူ့အသိုင်းအဝိုင်း၏ ကြည့်မှန်ဖြစ်ကြသော်လည်း ကောင်းမြတ်သော ကိုယ်ကျင့်တရားကို ကျင့်သုံးပြနိုင်ခြင်း မရှိခဲ့ကြချေ။ နာဇီခေတ်တွင် ဖြစ်စေ၊ ယခုခေတ်တွင် ဖြစ်စေ ခေတ်ရေစီးကြောင်းနဲ့ လိုက်ဖက်သော တရားများ၊ သူတို့ကိုယ်ကျိုးဖြစ်စေမည့် တရားများကိုသာ ဟောပြောခဲ့ကြသည်။”
>
> http://www.concordatwatch.eu/showkb.php?org_id=858&kb_header_id=43191&order=kb_rank%20ASC&kb_id=36941

ဘုရားသခင်က လူ့အသက်ကို မသတ်ဘူးလို့ ကျွန်တော်တို့ ယုံကြည်ကြတယ်။ သူ့ရဲ့ ပညတ်တော်ကို သူကိုယ်တိုင် လိုက်လျှောက်တယ်လို့ ကျွန်တော်တို့ ယုံကြည်ကြတယ်။ ပညတ်တော် ၁၀ ပါးက ဘုရားသခင်ရဲ့ ကိုယ်ကျင့်မှတ်တမ်းဖြစ်တယ်။ သူ့ရဲ့ ပညတ်တော်နှင့် အုပ်ချုပ်မှု၊ စကြဝဠာကြီးကို ထောက်ပံ့ထိန်းသိမ်းမှုတို့က သူ့ရဲ့ ကောင်းမြတ်မှုနှင့် ကရုဏာတော်မှ ယိုဖိတ်လာတဲ့ အရာတွေ ဖြစ်တယ်။ ဘုရားသခင်ရဲ့ သားတော်၊ ယေရှု ခရစ်တော်ရဲ့ မျက်စိအမြင်မျိုးနဲ့ ကျမ်းစာကို ဖတ်ရှုရင် အဲဒီအချက်ဟာ မှန်ကန်ကြောင်းကို ကျွန်တော်တို့ သက်သေပြနိုင်မယ်လို့ ယုံကြည်ပါတယ်။

ကမ္ဘာပေါ်ရှိ လူအများစုက သူတပါးရဲ့ ထိန်းချုပ်မှုနှင့် အကြမ်းဖက်မှုတို့ မရှိတဲ့၊ မခံရတဲ့ အသက်တာမျိုးကို ရရှိလိုကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကိုးကွယ်တဲ့ ဘုရားသခင်က ထိန်းချုပ်ပြီး အကြမ်းဖက်တတ်တဲ့ ဘုရားဖြစ်နေတယ်ဆိုရင် အဲလိုဘဝမျိုးကို ရရှိနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတစ်နိုင်ငံကို မျက်နှာသာပေးပြီး အခြားနိုင်ငံတွေကို တိုက်ခိုက်ဖျက်ဆီးပစ်နေတယ်ဆိုရင် နိုင်ငံအချင်းချင်းကြား စည်းလုံးညီညွတ်မှုကလည်း ဘယ်သော အခါမျှ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ရဲ့ ‘Agape’ (ခေါ်) အတ္တမဲ့မေတ္တာတော် ဆိုတဲ့ စာအုပ်က ဘုရားသခင်နှင့် အကြမ်းဖက်မှုအကြား ဆက်နွယ်မှုကို သမာရိုးကျ ခရစ်ယာန်တွေနဲ့ မတူတဲ့ အမြင်တစ်ခုနဲ့

မှန်ကန်စွာ ကြည့်နိုင်ဖို့ ကြိုးစားတင်ပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။ တစ်ဦးနှင့် တစ်ဦး သဘောထားကွဲပြားမှုတွေ၊ အမြင်မတူမှုတွေ ဘယ်လိုပဲ ရှိလာပါစေ ကျွန်ုပ်တို့ရဲ့ လူ့အဖွဲ့အစည်းက ပိုမို ကောင်းမြတ်တဲ့ အုတ်မြစ်အပေါ် အခြေတည်သွားစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

ဂျာမဏီနိုင်ငံမှာ ပေါ်ပေါက်လာခဲ့တဲ့ အမျိုးသားရေးဆိုရှယ်လစ်စနစ်ဟာ အလိုအလျောက် အမှတ်တမဲ့ ဖြစ်တည်လာခဲ့ခြင်း မဟုတ်ဘူး။ ဥရောပတတိုက်လုံးနဲ့ ဂျာမန်ပြည်သူတွေဟာ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်နဲ့ ကြုံတွေ့ခဲ့ရတာလည်း မဟုတ်ပါဘူး။ ခရစ်ယာန်အသင်းတော်တွေအနေနဲ့လည်း မျှောင်လင့်မထားတဲ့ အဖြစ်ဆိုးကြီး ဘွားကနဲ ကြုံတွေ့ခဲ့ရတာ မဟုတ်ပါဘူး။ ဒီအဖြစ်အပျက်အားလုံးဟာ ဂျာမန်နိုင်ငံရေး အစဥ်အလာနှင့် ဘာသာရေး အတွေးအခေါ်တွေရဲ့ အကျိုးဆက်တွေသာလျှင် ဖြစ်ပါတယ်။

“ထာဝရဘုရား မိန့်တော်မူသည်ကား၊ လာကြ။ သင်တို့၏ အမှုကို ယခု စဉ်းစားဆုံးဖြတ်ကြပါစို့ .... ” (ဟေရှာယ ၁: ၁၈)။

* ဂျာမဏီနိုင်ငံ၏ ဆိုရှယ်လစ်ဝါဒသည် နာဇီဝါဒပင်ဖြစ်သည်။ အခြား ဆိုရှယ်လစ်ဝါဒများနဲ့ မတူပေ။

# ဘုရားသခင်၏ နာမတော်၌

## ခရစ်ယာန်နိုင်ငံရေးရဲ့ ပျက်ကွက်ခြင်း

ကမ္ဘာမြေကြီးရဲ့ စည်းစိမ်ဥစ္စာတွေ အပိုင်စီးနိုင်ရေးနှင့် ဩဇာအာဏာ လွှမ်းမိုးနိုင်ရေးအတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြိုင်ဆိုင်တိုက်လှန်ကြရာမှာ ဘုရားသခင်က သင့်ကို သူ့လူမျိုးကြီးအဖြစ် ရွေးချယ်ပြီ။ ဒါကြောင့် သူက သင့်ရဲ့ ရန်သူတွေကို တိုက်ဖျက်ချေမှုန်းပြီး သင့်လက်အောက်မှာ ထိုးအပ်လိမ့်မယ်ဆိုပြီး ယုံကြည်စေတာထက် ပိုပြီးကောင်းတဲ့ စိတ်ဓာတ်လှုံ့ဆော်နည်း မရှိပါဘူး။

ဒီလို ပုံပြင်တွေကို ဗြိတိသျှ၊ ဂျာမဏီနှင့် အထူးသဖြင့် အမေရိကန်နိုင်ငံတို့က အသုံးပြုခဲ့ကြတယ်။ ခရစ်ယာန်အမည်ခံယူတဲ့ အဲဒီနိုင်ငံတွေရဲ့ သင်ကြားရေးမှာ ဘုရားသခင်ကို စစ်ရေးမှူးကြီးတစ်ဦးသဖွယ် ပုံဖော်ပေါ်လွင်လာစေတဲ့အတွက် လူ တော်တော်များများက ခရစ်ယာန်ဘာသာကို စစ်မက်လိုလားတဲ့ အကြမ်းဖက်ဘာသာအဖြစ် ငြင်းပယ်ရှုတ်ချကြတယ်။

ဒီစာအုပ်ကို ရေးသားတဲ့ စာရေးသူကလည်း ဘုရားသခင်နှင့် ခရစ်တော်အကြောင်းကို မတူခြားနားတဲ့အမြင်နဲ့ နားလည်နိုင်ဖို့ အစပြုပေးခဲ့တဲ့ ခရစ်ယာန်တချို့နှင့် မထိတ်မှတ်တဲ့ နေရာတွေမှာ မဆုံတွေ့၊ မသိကျွမ်းခဲ့ခင်အထိ ခရစ်ယာန်ဘာသာကို အကြမ်းဖက်ဘာသာရေးအဖြစ် ခံယူတဲ့သူတွေအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့တယ်။ ဒီစာအုပ်ငယ်လေးကို မိမိတို့ ရည်မှန်းချက်တိုးတက်အောင်မြင်ရေးအတွက် ခရစ်ယာန်ဘာသာကို ခုတုံးလုပ်ကြတဲ့ နိုင်ငံတွေရဲ့ မှားယွင်းတဲ့ စနစ်ကို ဖော်ထုတ်ဖို့ ရည်ရွယ်ရေးသားထားတာဖြစ်ပါတယ်။

ကမ္ဘာကြီးပေါ်မှာ ဖော်ညွှန်းသရုပ်ဖော်ခဲ့ကြတဲ့ ဘုရားသခင်အပေါ် အမြင်တွေဟာ လူတွေကို နောက်ဆုတ်ထွက်သွားစေတဲ့ အဓိကအကြောင်းရင်းဖြစ်တယ်။ ယေရှုက ငြိမ်သက်ခြင်းရဲ့ အရှင်အဖြစ် ဒီလောကသို့ ကြွလာခဲ့တဲ့အတွက် ခမည်းတော်ဘုရား၊ စစ်မှန်သော တစ်ဆူတည်းသော ဘုရားသခင်ဟာ အများထင်ကြသလို စစ်မက်တဲ့ ဘုရား မဟုတ်ဘဲ ငြိမ်သက်ခြင်းရဲ့ ရှင်ဘုရင်ဖြစ်တယ်ဆိုတာကို နောက်တစ်ဖန် ကြည့်မြင်စဉ်းစားလာကြစေဖို့ ဖိတ်ခေါ်အပ်ပါတယ်။